မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၂၁)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒေသရေရှည်စီးပွားရေးအတွက် နှစ်ရှည်သီးနှံများ စိုက်ပျိုးနိုင်ရေး မျိုး၊ နည်းစနစ်များ ထောက်ပံ့

နာဂဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး ဆန်းစစ်လေ့လာမှုများပြုလုပ်မည်

နာဂဒေသ ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်ရှိလာသည်အထိ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သော ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများပါဝင်သည့် အဖွဲ့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်မှ ၁၆ ရက်အထိ ခရီးစဉ်အတွင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်ခဲ့ပြီး ဒေသလိုအပ်ချက်များအနက် လတ်တလော ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဆက်လက်ဆောင်ရွက်ပေးရမည့် အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ဒေသဝမ်းစာဖူလုံရေး စသည့် *စာမျက်နှာ ၉ ကော်လံ ၅* ■

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအကြို အနုပညာရှင်များ၏ ရင်ခုန်သံများ

တွေ့ဆုံမေးမြန်း–ခင်ရတနာ
ဓာတ်ပုံ–တင်စိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာ့ရုပ်ရှင်ကြည့်ပရိသတ်ကြီးအားလုံး မျှော်လင့်စောင့်စားနေကြတဲ့ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နေပြည်တော်မှာ မကြာမီ ကျင်းပတော့မှာဖြစ်ပါတယ်။

"အ နု ပ ညာ ရှင် တစ်ယောက်အနေနဲ့ အကယ်ဒမီဆုကို အရမ်းရင်ခုန်မိပါတယ်" သရုပ်ဆောင် သက်မွန်မြင့်

၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဆုတွေကို ချီးမြှင့်ပေးမယ့် အခမ်းအနားကြီးအတွက် အနုပညာလောကသားတွေ အားလုံး ရင်ခုန်စွာ မျှော်လင့်ပြင်ဆင်နေကြပါပြီ။

အ နု ပ ညာ ရှင် များရဲ့ အကယ်ဒမီ ရင်ခုန်သံနှင့် ကြိုတင်ပြင်ဆင်နေမှုတွေကို ပရိသတ်များ သိရှိစေဖို့နဲ့ အကယ်ဒမီ ရရှိနိုင်မည်ဟု ပရိသတ်များ ထင်ကြေးပေးနေကြတဲ့ဇာတ်ကားတွေအကြောင်း ပရိသတ်တွေ ကြိုတင်သိရှိနိုင်အောင်လို့ မြန်မာ့အလင်းမှ ဆက်သွယ်မေးမြန်းခဲ့ပါတယ်။

ရုပ်ရှင်ချစ် ပရိသတ်တွေ အနေနဲ့ ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆု ရရှိဖို့အတွက် ရွေးချယ်ကြတဲ့ အခါ ဇာတ်ကားပေါင်း ၁၅ကား ရှိပြီး ဒရာမာဇာတ်ကားများ နည်းပါးလာတာကို တွေ့ရှိရပါတယ်။

ထိုအထဲမှာမှ ဇာတ်ကား အများဆုံးမှာ ပါဝင်သရုပ်ဆောင်သူလည်းဖြစ်ပြီး လက်ရှိ

"ပရိသတ်က ခန့်မှန်းပေးကြတာနဲ့တင် ဆုရသလို ခံစားမိပါတယ်"

သရုပ်ဆောင် ပြေတီဦး

ထင်ရှားတဲ့ အနုပညာရှင်လည်းဖြစ်တဲ့ သက်မွန်မြင့်ကို အရင်ဆုံးမေးမြန်းဖြစ်ခဲ့ပါတယ်။ *စာမျက်နှာ ၅ ကော်လံ ၁* ❖

မြန်မာ့အလင်း — ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်းအညွှန်း

အကျိုးကျေးဇူးများလှသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဧရာဝတီတံတား(ညောင်တုန်း) စာ – ၈၊ ၉



ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာ ဩစတြေးလျအိုးပင်း ဖလားဆွတ်ခူး စာ – ၅

ဂြိုဟ်သိမ် ဂြိုဟ်မွှားတစ်ခု ကမ္ဘာနှင့် အနီးကပ်ဆုံးဖြတ်သန်း စာ – ၄

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်)

ပရဟိတစိတ်ဓာတ်ဖြင့် လောကကိုအလှဆင်

ပရဟိတစိတ်ဓာတ်ဟူသည် အများအကျိုးသယ်ပိုးလိုသော စိတ်ဓာတ်ဖြစ်၏။ လူအများ ကြီးပွားတိုးတက်စေလိုသော စိတ်ဓာတ်မျိုးလည်းဖြစ်၏။ ပရဟိတစိတ်ဓာတ်သည် စိတ်ကောင်း စိတ်မြတ်ဖြစ်၏။ ပရဟိတစိတ်ဓာတ်ရှင်သန်ကိန်းအောင်းပါမှ ပရဟိတလုပ်ငန်းများကို လုပ်ကိုင်နိုင်၏။ စိတ်ဓာတ်ကို အခြေခံရသော ဤပရဟိတလုပ်ငန်းများကို ငွေအားဖြင့်လုပ်နိုင်သလို လူအားဖြင့်လည်း လုပ်နိုင်၏။

ယနေ့နိုင်ငံတကာတွင် ပရဟိတလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေကြ၏။ လူသားတစ်ရပ်လုံးကောင်းကျိုးချမ်းသာများ ရရှိကြပါစေ၊ ဘေးအန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြပါစေဟူသော စိတ်ကောင်းစေတနာများဖြင့် ပရဟိတလုပ်ငန်းများကို အကျယ်တပြောလုပ်ကိုင်နေကြခြင်းပင် ဖြစ်၏။

ကမ္ဘာပေါ်တွင် ချမ်းသာသောနိုင်ငံများက ဆင်းရဲသော၊ ဖွံ့ဖြိုးဆဲဖြစ်သော နိုင်ငံများအပေါ် လူသားချင်းစာနာသည့် အကူအညီများ ပေးလျက်ရှိသည်ကို မကြာခဏကြားနေရ၏။ ဤသည်ပင်လျှင် ကမ္ဘာ့ပရဟိတအလုပ်ဟု ဆိုအပ်၏။ ထိုပရဟိတအလုပ်၊ ပရဟိတလုပ်ငန်းသည် နိုင်ငံအချင်းချင်းအကြား၊ အဖွဲ့အစည်းအချင်းချင်းအကြား၊ လူအချင်းချင်းအကြား ရှင်သန်ထွန်းကားနေ၏။

မြန်မာနိုင်ငံတွင် ပရဟိတလုပ်ငန်းများစွာရှိ၏။ ထိုပရဟိတအလုပ်ကို ငွေအားဖြင့် လုပ်နိုင်သလို လူအားဖြင့်လည်း လုပ်နိုင်၏။ တစ်ဖန် ထိုပရဟိတလုပ်ငန်းများကိုပင် တစ်ဦးချင်း တစ်ယောက်ချင်း၊ တစ်မိသားစုချင်း လုပ်ကိုင်နိုင်သလို အများပေါင်းစု ကောင်းမှုတို့ဖြင့်လည်း လုပ်ကိုင်နိုင်၏။

ဘိုးဘွားရိပ်သာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကျောင်းများ၊ ပရဟိတကျောင်းများတို့တွင် ငွေကြေး၊ အစားအသောက်၊ အဝတ်အထည်၊ ပစ္စည်းပစ္စယများ ထောက်ပံ့လှူဒါန်းခြင်းသည်ပင်လျှင် ပရဟိတလုပ်ငန်းများ မည်၏။

တစ်ဖန် စုပေါင်းသွေးလှူဒါန်းခြင်း၊ သာရေး နာရေး ကူညီမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စုပေါင်းလှူဒါန်းမှု အမျိုးမျိုးပြုလုပ်ခြင်းတို့မှာလည်း ပရဟိတလုပ်ငန်းပင်ဖြစ်၏။ ပေးကမ်းလှူဒါန်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်းသည်ပင်လျှင် ပရဟိတမည်၏။ အများအကျိုးသယ်ပိုးသောလုပ်ငန်းဟူသမျှသည် ပရဟိတအလုပ်ပင်ဖြစ်၏။

ဤသို့ ပရဟိတအလုပ်ကို လုပ်ကိုင်ကြရာတွင် ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ ဇရပ်ဒါယကာ ခံယူလိုသူက များမည်ထင်၏။ စာသင်ကျောင်းအလှူရှင်၊ လမ်း တံတားအလှူရှင်၊ ဆေးရုံဆေးခန်းအလှူရှင်၊ ရေစက်၊ ရေတွင်း၊ ရေကန်အလှူရှင်များလည်း ရှိကြသည်။ စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းသော ပရဟိတအလုပ်ကို လုပ်ကိုင်ခြင်းဖြင့် ပညာတတ်လူငယ်များ မွေးထုတ်ပေးရာရောက်၏။ ဆေးရုံဆေးခန်းများ ဆောက်လုပ်လှူဒါန်းပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးနေသည်ဟူသော ပရဟိတလုပ်ငန်းကို လုပ်ကိုင်ရာရောက်၏။

သို့ဖြစ်ပါ၍ လူတိုင်း လူတိုင်းသည် ပရဟိတစိတ်ဓာတ်မွေးမြူပြီး အများကောင်းကျိုးကို သယ်ပိုးသင့်ကြသည်။ ပရဟိတစိတ်ဓာတ်များ ကိုယ်စီကိုယ်င ပိုမိုရှင်သန်ထွန်းကားလာကြလျှင် ပရဟိတလုပ်ငန်းလုပ်ကိုင်သူတိုင်း ကောင်းသောအကျိုးကို တန်ပြန်ခံစားရကာ လောကကြီးသည်လည်း သာယာဝပြောခြင်းတည်းဟူသော အလှတရားကို ပိုမိုရရှိပိုင်ဆိုင်နိုင်မည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။ ။

ကန့်ဘလူမြို့နယ်၌ ငါးသားပေါက် မျိုးစိုက်ထည့်ပွဲကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ သိန်ရင်ဆည်၌ ပထမအကြိမ် ငါးသားပေါက်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဦးစိန်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်နှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ အင်ဂျီအိုအဖွဲ့အစည်းဝင်များ၊ ရွှေဘိုခရိုင်ငါးလုပ်ငန်း ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ ရွှေဘိုငါးလုပ်ငန်းစခန်းရှိ ဝန်ထမ်းများ စုပေါင်းပါဝင်၍ သိန်ရင်ဆည်အတွင်းသို့ ငါးသားပေါက်မျိုးများ စိုက်ထည့်ပေးကြသည်။ ထိုနေ့က ထိုင်းငါးခုံးမကြီး ငါးသားပေါက်ငါးသန်ကောင်ရေ တစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မိုင်းငေါ့မြို့၌ ကြည်နူးရိပ်စာကြည့်တိုက်ဖွင့်

မိုင်းငေါ့ ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းငေါ့မြို့နယ်ခွဲ ကွန်ကောက်ကျေးရွာအုပ်စု မန်ဟတ်ကျေးရွာ ကြည်နူးရိပ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမိုင်းအောင်ကြည်၊ မြို့နယ်ခွဲပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နီလာစိုးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအာယုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်မြေအလှူရှင် ဦးစိုင်းဆန်းမောင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက စာအုပ်စာစောင် ၄၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြော

စဉ့်ကူး ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက မကွေးတရာ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကောင်းမြတ်လင်းတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ နယ်မြေတာဝန်ခံ တောအုပ်ကြီး ဦးအောင်ကြည်ဝင်းနှင့် ဦးအောင်ဇော်မိုးတို့က တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့သည် နဂါးမောက်တောင်တစ်အုပ်တစ်မ ထင်းစိုက်ခင်းသို့ သွားရောက်ပြီး ဒေသခံကျေးရွာပြည်သူများအား ထင်းများ ခုတ်ယူပေးဝေခဲ့ကြောင်း သိရှိရသည်။ (၄၃၃)

ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ၌ လမ်းဖွင့်ပွဲများကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သောင်ကြီးကျေးရွာ၌ဘုရားလမ်းနှင့် ကျောင်းလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါလမ်းဖွင့်ပွဲတွင် မဒေါက်မြို့ ပန်းငွေရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ၊ သောင်ကြီးကျေးရွာ သာသနာ့ဝေပုလ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလနှင့် လမ်းအလှူရှင် ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)ဇနီးဒေါ်မူမူ ဦးတင်အောင်စိုး၊ ဦးကျော်ဝ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးအရာရှိ ဦးမြင့်ဝေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဦး၊အလက (ခွဲ) ကျောင်းအုပ် ဆရာကြီးဦးသန်းထိုက်နှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ယခုဖွင့်လှစ်သော လမ်းများမှာဘုရားလမ်းအရှည် ပေ၁၅၀၀၊အကျယ်၁၂ပေနှင့် ကျောင်းလမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၈ပေ အကျယ်အဝန်းရှိပြီး ဂဝံကျောက်ခင်း လမ်းအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ (၁၃၈)

အာစရိယပူဇော်ပွဲ ကျင်းပ

ဟိုပင် ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲ နန့်ရင်းကျေးရွာ အမက ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက အမက(၁) မူလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နန့်ရင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးညီအောင်၊ ဦးငြိမ်းချမ်းဦးတို့က လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ငွေစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြပြီးနောက် ဆရာ ဆရာမကြီးများအားအလှူငွေနှင့်ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

တရားစီရင်ရေးလုပ်ငန်းဆိုင်ရာများ ဘားအံမြို့၌ ထပ်ဆင့်ရှင်းလင်း

ဘားအံ ဇန်နဝါရီ ၂၈

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ကျင်းပသည့် ဒုတိယအကြိမ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်မှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှာကြားချက်များနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ဦးစောစံလင်းက ကရင်ပြည်နယ်အတွင်းရှိ ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်၊ မြို့နယ်တရားရုံးများရှိ တရားရေးအရာရှိများအား ဇန်နဝါရီ ၂၃ရက်နံနက် ၉ နာရီက ဘားအံမြို့၌ တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်းမှာကြားသည့်အခမ်းအနားကျင်းပခဲ့ကြောင်း သိရှိရသည်။ (အပေါ်ဝဲပုံ) (ပြည်နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ပုလဲသွယ်စပ်မျိုးစပါး လက်တွေ့စိုက်ပျိုးသရုပ်ပြ

ဘိုကလေး ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သကံဝကျေးရွာ မြို့နယ်ဆုံမှတ်တောင်သူပညာပေးစိုက်ခင်းတွင် တောင်သူ ဦးထွန်းကြည်၏ လယ်မြေတစ်ဧက၌ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးအား သိပ္ပံနည်းကျ လက်တွေ့စိုက်ပျိုး သရုပ်ပြသပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက သကံဝကျေးရွာ၌ ကျင်းပသည်။ (အပေါ်ပုံ)

သရုပ်ပြသပွဲတွင် ဖျာပုံခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်ဝင်းနှင့် မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်သန်းတို့က သိပ္ပံနည်းကျ စိုက်စနစ် (၁၄) ချက်နှင့်အညီ စိုက်ပျိုးပြသမည့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုး စိုက်ပျိုးနည်းပညာများကို လေ့လာရေးတောင်သူများအား အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးမှာ တစ်ဧကလျှင် စပါးတင်း ၂၀၀ နှင့်အထက် ထွက်ရှိသော မျိုးကောင်း မျိုးသန့်ဖြစ်သောကြောင့် လေ့လာရေးတောင်သူများ စိတ်ဝင်စားကြကြောင်း သိရှိရသည်။ (ဇဇ၅)

မှော်ဘီမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်

မှော်ဘီ ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအုပ်စု ရိုးဝကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အလှူရှင်ဦးဝင်းထိုက်-ဒေါ်ဂျီနာမိသားစုတို့က ဆောက်လုပ်လှူဒါန်းသော ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ(၅၅×၂၂)ပေ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူးဦးကြည်ဝင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ခင်နှင့် အလှူရှင်မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ဖွင့်လှစ်ပေး

ဆက်လက်၍ အလှူရှင်များစုပေါင်းလှူဒါန်းသော ပေ ၂၀၀ ရှိ ကျောင်းအဆောင်များဆက်သွယ်သည့် ကွန်ကရစ်လမ်းနှင့် ၁၀ပေ၊ငါးပေရှိ သောက်ရေကန်တို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

◆ ကျောဖုံးမှ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးကျော်ငွေးတို့က အောင်သီရိကျေးရွာ မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက အောင်သီရိကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင်များဖြစ်ကြသည့် ဦးထွန်းမြင့်နိုင်၊ ဦးအုန်းကျော်နှင့် ဦးခင်မောင်အေးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်း ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျေးရွာလမ်းမကြီး၊ ချောင်းကူးတံတားနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် လဟာပြင်ဈေး ဈေးဆိုင်ခန်းများနှင့် ငါးခန်းတွဲဈေးဆိုင်ခန်းများတွင် ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက်ရောက်ကြည်ညို

ယင်းနောက် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အောင်သီရိဘုန်းတော်ကြီးကျောင်း၌ကျင်းပသည့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇော် အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အမှာစကား ပြောကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အောင်သီရိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှိ ယာယီမဏ္ဍပ်၌ ကျေးရွာနေ ပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အောင်သီရိ ကျေးရွာ လဟာပြင်ဈေး ဈေးဆိုင် ခန်းများတွင် ဈေးရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝဲကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့က ဝဲကြီးကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ပရိသတ်များက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဖတ်ကြားလျှောက်ထား

ယင်းနောက် အခမ်းအနားမှူးက ဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇော် စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ဖောင်ဒေးရှင်းအမှုဆောင် ဦးဇော်မိုးဝင်းက ဘုန်းတော်ကြီးကျောင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ဝဲကြီးကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အောင်သီရိဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက နိုင်ငံတော်မှအကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကဏ္ဍ (၈)ရပ်အနက် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ကနဦး အစပျိုးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့ကျေးရွာ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် အားလုံးက ဝိုင်းဝန်း၍ တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ထွတ်၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာငွေးတို့က နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးခဲ့သော အောင်သီရိကျေးရွာသည် နေပြည်တော်-တပ်ကုန်း ကွန်ကရစ်လမ်းသစ်ဘေးတွင် တည်ရှိပြီး အိမ်ခြေ ၁၃၂ လုံး၊ လူဦးရေ ၄၈၂ ဦး နေထိုင်လျက်ရှိသည်။

ဆောက်လုပ်ထား

ကျေးရွာတွင် ရှေးမူလက်ရာဖြင့် တည်ဆောက်ထားသည့် အလျား ပေ ၈၀၊ အနံ ၄၇ ပေရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်ခန်း လေးခန်းနှင့် ဆရာ ဆရာမများ နားနေဆောင်ပါဝင်သည့် အခြေခံပညာမူလတန်းကျောင်း၊ အများပြည်သူများ နားနေဆောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ကျေးရွာစာကြည့်တိုက်နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်း၊ ငါးခန်းတွဲဈေးဆိုင်ခန်း နှစ်ဆောင်၊ လဟာပြင်ဈေး နှစ်ဆောင်၊ ဝန်ထမ်းနေအိမ်ခန်း တစ်ဆောင်၊ ကျေးရွာသောက်သုံးရေရရှိရန်အတွက် ရေစုကန်နှင့် ရေလှောင်ကန်၊ နွားပွဲဈေးရောင်းချရန် အဆောင်လေးဆောင်တို့ကို ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

ထို့ပြင် အရှည်ပေ ၅၀၊ အကျယ်ပေ ၃၀ ရှိ သံပေါင်သစ်သားခင်း ချောင်းကူးတံတားနှင့် သွားလာရေးလွယ်ကူစေရန် ကျေးရွာအတွင်းရှိလမ်းများကို စနစ်တကျဆောက်လုပ်ပေးထားပြီးဖြစ်ရာ ကျေးရွာပြည်သူများ၏ လူမှုဘဝ မြင့်မားတိုးတက်လာပြီး လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး အောင်သီရိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှိ ယာယီမဏ္ဍပ်၌ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာ ကြသော ကျေးရွာပြည်သူများ အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးခဲ့သော စာသင်ခန်း လေးခန်းနှင့် ဆရာ ဆရာမများ နားနေဆောင်ပါဝင်သည့် အခြေခံ ပညာမူလတန်းကျောင်းကို တွေ့ရ စဉ်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၈-၁-၂၀၁၂

ဟားခါးမြို့	ဝ	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄	ဒီဂရီစင်တီဂရိတ်

ဖိလစ်ပိုင်တောင်ပိုင်း အပူပိုင်းမုန်တိုင်းဒဏ်ခံရသူများအတွက် နေအိမ်အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေး

မနီလာ ဇန်နဝါရီ ၂၈

ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနိုသည် နိုင်ငံတောင်ပိုင်း အဆိုးရွားဆုံးမုန်တိုင်းဒဏ်ခံရသည့် ကာဂါယန်ဒီအိုရိုမြို့ ဝါရှိ ဒေသတွင် အပူပိုင်းမုန်တိုင်းဒဏ်ခံရသူများအတွက် အမြဲတမ်း နေထိုင်နိုင်သည့် အိမ်ရာအဆောက်အအုံများတည်ဆောက်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ဖွင့်လှစ်ပေးလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် အဆိုပါအပူပိုင်းမုန်တိုင်းဒဏ် ခံရသူများအတွက် အမြဲတမ်းနေ အိမ်ရာများဆောက်လုပ်ရန် ပီဆို သန်း ၂၀၀ (အမေရိကန် ဒေါ်လာ ၄ ဒသမ ၆၄ သန်း)ကို ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း အကွီနိုက ပြောကြားခဲ့သည်။ ပျက်စီးသွားသော လမ်းများ၊ တံတားများ ပြန်လည်တည်ဆောက်ခြင်းနှင့် အစားထိုးခြင်းကို နည်းလမ်းအမျိုးမျိုးဖြင့် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဆိုး နောက်ထပ်တစ်ဖန် ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရန် ယခုကဲ့သို့သော အခြေခံ အဆောက်အအုံပုံစံကို တည်ဆောက်ပေးရန် စဉ်းစားဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ရွေးချယ်ပေးခဲ့

အဆိုပါ ပြန်လည်ထူထောင်ရေးနေရာသစ်ကို မြေပြိုခြင်း၊ ရေကြီးခြင်းဖြစ်တတ်သည့် ဘေးအန္တရာယ်ဇုန်အတွင်း မဖြစ်စေရန် သေချာစွာပြုလုပ်ပြီးမှ ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဟစ်တလာ၏ ပုံတူပန်းချီကား ယူရိုငွေ ၁၀၂၀၀ ရရှိ

ဘရာတစ်လာဗာ ဇန်နဝါရီ ၂၈

ဂျာမနီခေါင်းဆောင်ဟောင်းအဒေါ့ဖ်ဟစ်တလာ၏ ပုံတူပန်းချီကားကို ဆလိုဗက်ကီးယားနိုင်ငံ၌ ဇန်နဝါရီ ၂၆ ရက်က လေလံတင်ရောင်းချခဲ့ရာ ယူရိုငွေ ၁၀၂၀၀ ရရှိခဲ့ကြောင်း ဒါတီလေလံတင်အဖွဲ့က ဇန်နဝါရီ ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ရောင်းချခဲ့ရ

အဒေါ့ဖ်ဟစ်တလာ၏ ပုံတူပန်းချီကား **(ဝဲပုံ)**ကို အမည်မဖော်လိုသည့် မိသားစုတစ်စုက ဝယ်ယူသွားခြင်းဖြစ်သည်။ ၎င်းပန်းချီကားကို ပန်းချီဆရာ တစ်ဦး ၁၉၁၃ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်ကလည်း အဒေါ့ဖ်ဟစ်တလာ၏ ပုံတူပန်းချီကားတစ်ချပ်ကို အခြားမိသားစုတစ်စုက ယူရိုငွေ ၁၀၂၀၀ ဖြင့်ပင် ဝယ်ယူသွားခဲ့သည်။

ယင်းလေလံတင်ရောင်းချပွဲ၌ ပီကာဆို၏ ပန်းချီကားတစ်ချပ်ကို ယူရိုငွေ ၁၅ သန်းဖြင့် ရောင်းချခဲ့ရသည်။ **(အင်တာနက်)**

အကြမ်းဖက်သမား ၂၀ အာဖဂန်အစိုးရထံ လက်နက်ချ

ကဘူးလ် ဇန်နဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဂလန်ပြည်နယ်တွင် အကြမ်းဖက်သမား ၂၀ တို့ အစိုးရထံ ထပ်မံလက်နက်ချလာကြကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ဇန်နဝါရီ ၂၇ ရက်၌ ပြောကြားသည်။

ဘာဂလန်ပြည်နယ် ဘာဂလန်အီးမာကာဇီခရိုင်တွင် ဇန်နဝါရီ ၂၆ ရက် ညနေက လက်နက်ကိုင်တပ်ဖွဲ့ တပ်မှူးအပါအဝင် အစိုးရဆန့်ကျင်ရေးအကြမ်းဖက်သမား ၂၀ တို့ အကြမ်းဖက်မှုကိုစွန့်လွှတ်ပြီး လက်နက်ချအလင်းဝင်လာကြကြောင်း ပြည်နယ်ရဲမှူးကြီး အဆာဒူလာရှီဇက်က ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

အဆိုပါလက်နက်ချ အကြမ်းဖက်သမားများသည် အစိုးရကို ဆန့်ကျင်လှုပ်ရှားသည့် ဒုတိယအင်အားအများဆုံး အုပ်စုမှ ဖြစ်ကြောင်း ပြည်နယ်ရဲမှူးကြီး ရှီဇက်က ပြောကြားသည်။ တာလီဘန်အများစုပါဝင်သည့် အကြမ်းဖက်သမား ၈၀ ကျော်တို့လည်း လွန်ခဲ့သည့်နှစ်ရက်အတွင်းက လက်နက်ချအလင်းဝင်ခဲ့သည်ဆို၏။ **(အောက်ပုံ)** **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ယူကရိန်း၏ ပထမဆုံးဆက်သွယ်ရေးဂြိုဟ်တုလွှတ်တင်မည်

ယူကရိန်း ဇန်နဝါရီ ၂၈

ယူကရိန်းနိုင်ငံက ပထမဆုံး ကြေးနန်းဆက်သွယ်ရေးဂြိုဟ်တုကို ၂၀၁၃ ခုနှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း ယူကရိန်းနိုင်ငံ အာကာသအေဂျင်စီအကြီးအကဲ ယူရီ အလက်ဇီယက်က ဇန်နဝါရီ ၂၇ ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)**

ပြောကြား

ဂြိုဟ်တုကို ၂၀၁၃ ခုနှစ် စတုတ္ထ သုံးလပတ်အတွင်း အာကာသသို့လွှတ်တင်မည်ဖြစ်ကြောင်း၊ စွမ်းဆောင်နိုင်သည့်သက်တမ်းမှာ ခုနစ်နှစ်နှင့် ရှစ်နှစ်ကြားရှိကြောင်း အလက်ဇီယက်က ပြောကြားလိုက်သည်။

ကနေဒါနိုင်ငံ၏ ချေးငွေဖြင့် ဤစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂၅၂ သန်း သုံးစွဲကုန်ကျခဲ့ကြောင်း၊ အဆိုပါ ဂြိုဟ်တုက ဗဟိုအာရှနှင့် အာဖရိကတိုက်မြောက်ပိုင်းနိုင်ငံများအတွက် ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။ **(အင်တာနက်)**



ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခု ကမ္ဘာနှင့်အနီးကပ်ဆုံးဖြတ်သန်း

နာဆာ ဇန်နဝါရီ ၂၈

ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသည် ဇန်နဝါရီ ၂၇ ရက်က ကမ္ဘာမြေအနီးမှ ဖြတ်သန်းသွားခဲ့ကြောင်း **(ဝဲပုံ)** နာဆာအဖွဲ့က ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားလိုက်သည်။ အဆိုပါ ဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ကမ္ဘာမြေအနီးမှ ဂရင်းနစ်စံတော်ချိန် ၁၆ နာရီက ဖြတ်သန်းခဲ့ကြောင်း၊ ဂြိုဟ်သိမ်၏အချင်းဝက်မှ ၁၁ မီတာ (၃၆ ပေ)ရှိကြောင်း နာဆာအဖွဲ့၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ဖြတ်သန်း

ယင်းဂြိုဟ်ကို 2012 Bx34 ဟုအမည်ပေးထားသည်။ ကမ္ဘာမြေနှင့် အနီးဆုံးမှ ဖြတ်သန်းသွားခဲ့ခြင်းဖြစ်သည်။ ၎င်း ဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ကမ္ဘာမြေမှ ကီလိုမီတာ ၆၀၀၀၀ အကွာမှဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ ယင်းအကွာအဝေးသည် လကမ္ဘာနှင့် ကမ္ဘာမြေအကွာအဝေး၏ ငါးပုံတစ်ပုံထက် နည်းသည်ဟုဆိုသည်။

အဆိုပါဂြိုဟ်သိမ်သည် ကမ္ဘာမြေအနီး ဖြတ်သန်းသွားသည့် ဂြိုဟ်သိမ်များအနက်မှ အနီးကပ်ဆုံးဖြတ်သန်းသွားခဲ့သည့် ဂြိုဟ်သိမ်ဖြစ်ကြောင်း အမေရိကန်အခြေစိုက် နက္ခတ်တာရာလေ့လာရေးဌာနမှ ညွှန်ကြားရေးမှူး ဂါးနက်ဝီလျံက ပြောကြားသည်။ **(အင်တာနက်)**

ဘင်လာဒင် သတင်းပေးသူအား ဖမ်းထားမှု အမေရိကန်စိုးရိမ်

ဝါရှင်တန် ဇန်နဝါရီ ၂၈

ပြီးခဲ့သည့်နှစ်က အိုစမာဘင်လာဒင်အား အမေရိကန်တို့စီးနင်းတိုက်ခိုက်စဉ် ထောက်လှမ်းသတင်းပေးခဲ့သူ ပါကစ္စတန် ဒေါက်တာတစ်ဦးအား ဖမ်းဆီးထားမှုနှင့် ပတ်သက်ပြီး အလွန်ပင်စိုးရိမ်မိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက ဇန်နဝါရီ ၂၈ ရက်တွင် ပြောကြားလိုက်သည်။

ဒေါက်တာရှီခါအဖရီဒီသည် ဘင်လာဒင်သေဆုံးခဲ့သော အဘုတ္တာဘတ်၌ စီအိုင်အေကို သတင်းပေးခဲ့သူအဖြစ် စွပ်စွဲထားသည်။ ၎င်းသည် နိုင်ငံတော်သစ္စာဖောက်ရန်ကြိုးစားခဲ့သူဖြစ်ကြောင်းလည်း ပါကစ္စတန်အဖွဲ့အစည်းတစ်ခုက ပြောကြားသည်။ ဒေါက်တာရှီခါအဖရီဒီအား ပြီးခဲ့သည့်နှစ် မေလ ၂ ရက်က အဆိုပါမြို့၌ ဘင်လာဒင်အား စီးနင်းတိုက်ခိုက်ပြီးနောက် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးသွားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၈-၁-၂၀၁၂)

>> တင်မောင်လွင် - စုစည်းသည် <<

အင်ဒိုနီးရှား၊ ဖင်လန်နှင့် အက်စတိုးနီးယား သုံးနိုင်ငံတို့ စီးပွားရေးလုပ်ငန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သဘောတူညီ

အင်ဒိုနီးရှား၊ ဖင်လန်နှင့် အက်စတိုးနီးယားနိုင်ငံတို့သည် ၎င်းတို့၏စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို သဘောတူညီခဲ့ကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် အဆိုပါနိုင်ငံများမှ ဝန်ကြီးများက ဇန်နဝါရီ ၂၅ ရက်က ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း ဇန်နဝါရီ ၂၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါအစည်းအဝေးသည် သုံးနိုင်ငံအကြားစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် စီစဉ်မှုအနေဖြင့် ရည်ရွယ်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားကုန်သွယ်ရေး ဝန်ကြီး ဂီတာဂါဂျေဝမ်၊ ဖင်လန်နိုင်ငံ၏ ဥရောပရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး အလက်ဇန္ဒြားစတတ်နှင့် အက်စတိုးနီးယားနိုင်ငံခြားရေးဝန်ကြီး အာမတ်စ်ပက်တို့၏ ပြောကြားချက်ကို ပူးပေါင်းဖော်ပြချက်တစ်ရပ်က ထုတ်ပြန်ခဲ့သည်။ စီးပွားရေး ဖိုရမ်တစ်ခုအနေဖြင့် နိုင်ငံအသီးသီးမှ စီးပွားရေးသမားများကို ရွေးချယ်ဖော်ထုတ်ရန်အတွက် စီးပွားရေးအခွင့်အလမ်းများကို ထောက်ခံရန်ရည်ရွယ်ချက်ဖြင့် အစည်းအဝေးသို့ သုံးနိုင်ငံမှ အရာရှိကြီးများ လိုက်ပါတက်ရောက်ခဲ့သည်။

ဂျပန်၌ ပြင်ဆင်ပြီးသောတိုယိုတာကားများ ရောင်းချမည်

ဂျပန်နိုင်ငံ၏ ပြန်လည်ပြင်ဆင်ပြီးသွားသည့် ပြည်တွင်းလုပ်ကားများကို ၂၀၁၂ ခုနှစ်အတွင်း အစီးရေ ၁၀၀၀၀၀ မှ ၁ ဒသမ ၆၃ သန်းအထိ ရောင်းချသွားမည်ဟုမျှော်မှန်းထားကြောင်း ဂျပန်နိုင်ငံ၏ အကြီးဆုံးကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် Toyata Motor Group မှတာဝန်ရှိသူများက ဇန်နဝါရီ ၂၆ရက်တွင်ပြောကြားသည်။ အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ဝယ်ယူသူများအား စျေးနှုန်းသက်သာစွာဖြင့် ပြန်လည်စတင်ရောင်းချသွားရန် စီစဉ်ထားပြီးနောက် ရောင်းအားများမြင့်တက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ယင်းပြည်တွင်းလုပ်ကားများကို ပြန်လည်ပြင်ဆင်ပေးခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် ကမ္ဘာတစ်ဝန်း ကုမ္ပဏီများ၏ ကားရောင်းချမှုမှာ အစီးရေ ၈ ဒသမ ၅၈သန်းအထိ တိုးလာခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၀ခုနှစ်က ဂျပန်နိုင်ငံတွင် တိုယိုတာကားရောင်းချမှုမှာ ၁ ဒသမ ၂ သန်းအထိ ကျဆင်းခဲ့သည်။

ကိုလ်ကတ္တားဆေးရုံမီးလောင်မှုနှင့် ပတ်သက်ပြီး ဆရာဝန်နှစ်ဦးအားဖမ်းဆီး

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုလ်ကတ္တားမြို့ရှိ အေအမ်အာအိုင်ဆေးရုံ၌ တွဲဖက်တာဝန်ချထားသည့် ဆရာဝန်နှစ်ဦးအား ပြီးခဲ့သည့်လက ဆေးရုံမီးလောင်မှုဖြစ်ပွားပြီး လူ ၉၃ ဦး သေဆုံးမှုနှင့်ပတ်သက်၍ ဇန်နဝါရီ ၂၇ ရက်က ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်များသည် မာနီချက်ထရီနှင့် ပရာနက်ဒက်စ်ကုပတာအမည်ရှိ ဆရာဝန်နှစ်ဦးအား အစောပိုင်းကတည်းက ယုံမှားသံသယဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ကိုလ်ကတ္တားမြို့ ၎င်းတို့၏ နေအိမ်များမှ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အထူးရဲတပ်ဖွဲ့ လက်ထောက် ခေါင်းဆောင် ဆင်းန်က ပြောကြားသည်။ အဆိုပါဆေးရုံမီးလောင်မှုနှင့်ပတ်သက်ပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၉ ရက်ကတည်းက ဖမ်းဆီးထားသူ ၁၃ ဦး ရှိသွားပြီဖြစ်ကြောင်း ယင်းမီးလောင်မှုသည် အိန္ဒိယနိုင်ငံတွင် အဆိုးရွားဆုံးမီးလောင်မှုဖြစ်ပြီး လူနာ ၉၀ နှင့် သူနာပြုဆရာမသုံးဦးသေဆုံးခဲ့သည်။ မီးလောင်မှုနှင့် ဆက်နွယ်သည့် ဆေးရုံဝန်ထမ်းသုံးဦးမှာ ယနေ့တိုင်ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကန်တပ်ဖွဲ့ဝင် တစ်သိန်းနီးပါး လျှော့ချရန် ပင်တဂွန်စီစဉ်

အမေရိကန်နိုင်ငံက ၎င်း၏စစ်တပ်ကို ပြုပြင်ပြောင်းလဲမှုအစီအစဉ်တစ်ရပ်အဖြစ် တပ်ဖွဲ့ဝင် ၁၀၀၀၀၀ နီးပါး လျှော့ချသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက ဇန်နဝါရီ ၂၆ ရက်တွင် ကြေညာသည်။ အမေရိကန်တပ်ဖွဲ့အနေဖြင့် အထူးတပ်ဖွဲ့ကိုသာ အားဖြည့်ပေးခြင်းဖြင့် ရန်သူကိုထိုးနှက်နိုင်သည့် စွမ်းရည်ကိုရယူသွားမည်ဖြစ်ကြောင်းလည်း မစ္စတာပါနက်တာက ပြောကြားသည်။ ပင်တဂွန်သည် လာမည့် ၁၀ နှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၈၇ ဘီလီယံဖြတ်တောက်ခံရမည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ လာမည့်ငါးနှစ်အတွင်း အမေရိကန်ကြည်းတပ်သည် တပ်ဖွဲ့ဝင် ၅၇၀၀၀၀ ရှိရာမှ ၄၉၀၀၀၀ အထိလျှော့ချရန် စီစဉ်လျက်ရှိသည်။ *(အင်တာနက်)*

တတိယအကြိမ်မြောက် ရခိုင်ရိုးရာကျင်းပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

တတိယအကြိမ်မြောက် ရခိုင်ရိုးရာကျင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ လက်ဝှေ့အားကစားရုံ၌ကျင်းပရာ ရှေးဦးစွာ ရခိုင်ရိုးရာ မင်္ဂလာပန်းကျင်းစည်တော်တီးခတ်၍ အခမ်းအနားစတင်ကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်အေးမောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျင်သန်မောင်များက ကျင်ဟန်ရေးပြ၊ ကျင်ကွင်းအလှပြခြင်းနှင့် သရုပ်ပြယှဉ်ပြိုင်ကြပြီး ရခိုင်ရိုးရာဒိုးအက ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ အဆိုပါ ရခိုင်ရိုးရာကျင်ပွဲကို ဇန်နဝါရီ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရခိုင်ရိုးရာအစားအသောက်များ ပြုလုပ်ရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း စုံညီအစည်းအဝေး-၂၀၁၂ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း စုံညီအစည်းအဝေး-၂၀၁၂ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမဆောင်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် စုံညီအစည်းအဝေးကို ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှက အမှာစကား ပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဝင်းက ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဆွေးနွေးအကြံပြုကြကာ အတည်ပြုချက် ရယူသည်။

ဖတ်ကြား

မွန်းလွဲပိုင်းတွင် စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နွဲ့နွဲ့ခင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် အသင်းများမှ တာဝန်ရှိသူများက အသင်းအလိုက် နှစ်ပတ်လည်အစီရင်ခံစာများနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများကို ဖတ်ကြားကြသည်။

အဆိုပါ စုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ❒ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲအောင် တည်ဆောက်ရေး။
- ❒ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
- ❒ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ❒ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ❒ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကို ကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

တောင်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မဲလ်ဘုန်း ဇန်နဝါရီ ၂၈

ကမ္ဘာကျော်တင်းနစ်အားကစားမယ် မာရီယာရှာရာပိုဗာနဲ့ ဘီလာရုစ်တင်းနစ်မယ် ဗစ်တိုးရီးယား အဇာရင်ကာတို့ဟာ ဇန်နဝါရီ ၂၈ ရက်က မဲလ်ဘုန်းမြို့မှာ သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။ **(ဝဲပုံ)**

ဖလားဆွတ်ခူးနိုင်

ဒီပြိုင်ပွဲမှာ အသက် ၂၂နှစ်အရွယ်သာရှိသေးတဲ့ ဘီလာရုစ်တင်းနစ်မယ် အဇာရင်ကာက မာရီယာရှာရာပိုဗာကို ၆-၃၊ ၆-၀ နဲ့ အနိုင်ကစားပြီး ဖလားဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ဒီဖလားဟာ အဇာရင်ကာ အတွက်တော့ ပထမဆုံးသော ဂရင်းဆလမ်ဖလားကြီး ဖြစ်သွားခဲ့ပါတယ်။

အဇာရင်ကာဟာ ရှာရာပိုဗာကို ၁ နာရီနဲ့ ၂၂မိနစ်ကြာ အကြိတ်အနယ်ကစားခဲ့ရပါတယ်။ သူမဟာ ယခုကစားခဲ့တဲ့ သြစတြေးလျအိုးပင်းမှာ နာမည်ကြီး တင်းနစ်မယ်ဖြစ်တဲ့ လက်ရှိချန်ပီယံ ဘယ်လ်ဂျီယံတင်းနစ်မယ် ကလစ္စတားကိုနိုင်ပြီး ဗိုလ်လုပွဲကို တက်ရောက်ခဲ့သူလည်းဖြစ်ပါတယ်။ သူမ အနေနဲ့ ဒီပွဲမှာ ဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက်ကြောင့် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်လည်း ဖြစ်သွားခဲ့ပါတယ်။ **(အင်တာနက်)**

မာတာရဲ့ပယ်နယ်တီဂိုး ချယ်လ်ဆီးတို့ အက်ဖ်အေ နောက်တစ်ဆင့်တက်

လန်ဒန် ဇန်နဝါရီ ၂၈

ကျူပီအာအသင်းနဲ့ချယ်လ်ဆီးအသင်းတို့ဟာ ဇန်နဝါရီ ၂၈ ရက်ညပိုင်းက အက်ဖ်အေဖလား စတုတ္ထအကျော့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာမှာ ချယ်လ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။

ပယ်နယ်တီရ

ချယ်လ်ဆီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မာတာက ဒုတိယပိုင်းမှာ ပယ်နယ်တီကတစ်ဆင့် သွင်းယူခဲ့တာဖြစ်ပါတယ်။ ကျူပီအာ ကစားသမား ကလင့်ဟေးလ်က စတာရစ်ကို ကြမ်းတမ်းစွာ ကစားခဲ့တဲ့အတွက် ပယ်နယ်တီ ရခဲ့တာဖြစ်ပါတယ်။

အချည်းအနှီး

ကျူပီအာကစားသမား ဘာတန်ဟာ ကျူပီအာအသင်းအတွက် အကောင်းဆုံး ဂိုးသွင်းခွင့်ရခဲ့ပေမယ့် ဂိုးတိုင်ကို ထိမှန်သွားခဲ့တာကြောင့် ဂိုးမရဘဲ ဖြစ်ခဲ့ရပါတယ်။ ဘာတန်ဟာ ချယ်လ်ဆီးဂိုးရှေ့ ကိုက် ၂၀ လောက်က မြေမကျဘဲ အပိုင်ကန်သွင်းခဲ့တာပါ။ သို့ပေမယ့် ဘောလုံးဟာ ချယ်လ်ဆီးဂိုးသမား ပီတာချက်ရဲ့ ဂိုးပေါက်တိုင်ကို ထိပြီးပြန်ထွက်သွားခဲ့တာကြောင့် အချည်းအနှီး ဖြစ်သွားခဲ့ရပါတယ်။ **(အင်တာနက်)**



ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးကို မာတာက ဤသို့သွင်းယူခဲ့သည်။

❖ *ရှေ့ဖုံးမှ*

သက်မွန်မြင့်

"သက်မွန်အနေနဲ့ ပရိသတ်တွေခန့်မှန်းပေးတာနဲ့တင် ကျေနပ်လှပါပြီ။ အနုပညာရှင်တစ်ယောက်အနေနဲ့ အကယ်ဒမီဆုကို အရမ်းရင်ခုန်မျှော်လင့်မိပါတယ်။ အကောင်းဆုံးသရုပ်ဆောင်ထားခဲ့ပေမယ့် အကယ်ဒမီနီးလာတော့ ဆရာမရှေ့မှာ အမှတ်စာရင်းတောင်းရတဲ့ကလေးလိုမျိုးရင်တွေခုန်နေမိတယ်။အကယ်ဒမီပေးပွဲအတွက် ပွဲတက်ဝတ်စုံကို ဒီဇိုင်နာမပုံ့က စီစဉ်နေပြီး အနုပညာမောင်နှမတွေနဲ့ အတူတူပွဲတက်ဖြစ်ပါမယ်"လို့ ဆိုပါတယ်။

သက်မွန်မြင့်အနေနဲ့ ၂၀၁၀ ခုနှစ် ရုံတင်ပြသခဲ့သော ဇာတ်ကား ၁၅ ကား အနက် အာဒံရယ်ဧဝရယ်ဒဿရယ်ဇာတ်ကား၊ လာထားအာဘွား၊ အမေ့ကျေးဇူးဆပ်ဖူးချင်တယ်၊ ဘာမီတွန်၊ ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ်၊ နတ်ဖက်တဲ့စုံတွဲဇာတ်ကားများမှာ ပါဝင်သရုပ်ဆောင်ထားခဲ့ပြီး အာဒံရယ် ဧဝရယ် ဒဿရယ် ရုပ်ရှင် ဇာတ်ကားနှင့်အမေ့ကျေးဇူးဆပ်ဖူးချင်တယ် ဇာတ်ကားများအတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ရရှိနိုင်တယ်လို့ အနုပညာအသိုင်းအဝိုင်းနဲ့ ရုပ်ရှင်ချစ်ပရိသတ်အများက ထင်ကြေးပေးမျှော်လင့်ထားကြပါတယ်။

ဆက်လက်ပြီး အမျိုးသားဇာတ်ဆောင်ဆုအတွက် ရေပန်းစားလျက်ရှိတဲ့ သူကတော့ မကြာသေးမီကမှ သမီးဦးရတနာလေးရရှိထားခဲ့တဲ့ အကယ်ဒမီ အိန္ဒြာကျော်ဇင်ရဲ့ခင်ပွန်းဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးပဲဖြစ်ပါတယ်။ သူ့ကို အကယ်ဒမီရင်ခုန်သံနဲ့ပတ်သက်ပြီး ဆက်သွယ်မေးမြန်းကြည့်ခဲ့ရာမှာတော့- "ကျွန်တော့်အနေနဲ့အကယ်ဒမီရဖို့အတွက်တင်မဟုတ်ပါဘူး။ အမြဲတမ်းအကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ အခု ပရိသတ်ကခန့်မှန်းပေးကြတာနဲ့တင် ဆုရသလိုခံစားမိပါတယ်။ အကယ်ဒမီဆုကို အများမျှော်လင့်တဲ့အတိုင်း ရရှိပါစေလို့လည်း ဆုတောင်းမိပါတယ်။ အကယ်ဒမီပေးပွဲကို ကျွန်တော့်ဇနီးသည်နဲ့အတူ တက်ဖြစ်မှာပါ"လို့ ဖြေကြားခဲ့ပါတယ်။

ရုပ်ရှင်သရုပ်ဆောင် ပြေတီဦးဟာ ၂၀၁၀ ခုနှစ်အတွင်း ဇာတ်ကားပေါင်း ခြောက်ကားရိုက်ကူးခဲ့ပြီး အမေ့ကျေးဇူးဆပ်ဖူးချင်တယ်ဇာတ်ကားနဲ့ အကောင်းဆုံးဆုကိုရရှိနိုင်တယ်ဟု အနုပညာအသိုင်းအဝိုင်းက ခန့်မှန်းထားကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

● *ကျောဖုံးမှ*

မန်ယူနောက်တန်းလူများကို ကျော်ဖြတ်ပြီး လှလှပပသွင်းယူလိုက်တာကြောင့် မန်ယူဂိုးသမား ဒေးဗစ်ဒီဂျီယာ ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရပါတယ်။ လီဗာပူးတို့ ဒီပွဲအနိုင်ရလိုက်တာကြောင့် အက်ဖ်အေဖလား ပဥ္စမအကျော့ပြိုင်ပွဲသို့ ချယ်လ်ဆီးအသင်းနဲ့အတူ တက်ရောက်နိုင်ခဲ့ပါတယ်။ **(အင်တာနက်)**

နိုင်ငံတော်အစိုးရလက်ထက် ပေ ၁၈၀နှင့် အထက် ၁၀ စင်းမြောက် ရဲနွယ်ချောင်းတံတားဖွင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းသို့ တိုက်ရိုက်သွားလာနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၈

ရဲနွယ်ချောင်းတံတားသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်း မိုင်တိုင်အမှတ် (၁၃/၆)နှင့် (၁၃/၇)ကြားတွင် တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည်ပေ ၃၆၀၊ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၆ လက်မ စီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ (ယာဉ်+ကုန်) ၇၅ တန်ဖြစ်သည်။

တက်ရောက်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၉) က တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရလက်ထက်၌ ဆောင်ရွက်ပြီးစီးသဖြင့် ၁၀စင်းမြောက်ဖွင့်လှစ်သော ရဲနွယ်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ မင်္ဂလာစည်တော်အဖွဲ့၊ တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၃၅၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ရဲနွယ်ချောင်းတံတားသည် သံကူကွန်ကရစ်လွန်တူးပိုင် အုတ်မြစ်အမျိုးအစားဖြစ်ပြီး တံတားအောက်ရေလမ်းကင်းလွတ်အကျယ် ၁၀၅ ပေနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၀ ပေရှိကြောင်း၊ ၎င်းတံတားကြီးနှင့်အတူ ထူးကဲမိုးရွာသွန်းမှုကြောင့် များပြားလာမည့် ချောင်းရေဖြတ်စီးနိုင်အောင် ချဉ်းကပ်လမ်းပေါ်၌ ပေ ၂၀ ပတ်လည်အကျယ်ရှိ ရေထုတ်ပြွန်တစ်လုံးကို ထည့်သွင်းတည်ဆောက်ပေးထားကြောင်း၊ ရဲနွယ်ချောင်းတံတားကြီးသည် တည်ဆောက်ခဲ့ပြီး အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သော ရဲနွယ်ချောင်းတံတားနှင့် ဆက်စပ်သွားလာနိုင်ရန်အတွက် ရဲနွယ်တံတားမှ မင်းလှဘက်ခြမ်းတွင် ကတ္တရာလမ်း ၁၀ မိုင်နှင့် ရဲနွယ်တံတား၏ ကျွန်းကုန်းဘက်ခြမ်းတွင် ကတ္တရာလမ်း ၁၄ မိုင် စုစုပေါင်း ၂၄ မိုင်ကိုလည်း ကတ္တရာလမ်းအကျယ် ၁၂ ပေ၊ မြေသားလမ်းအကျယ် ၃၄ ပေ၊ တစ်ဖက်မြေသားလမ်းပခုံးသုံးပေစီ နှစ်ဖက်ဆောင်ရွက်ပေးခဲ့ကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနက လမ်းများကိုတည်ဆောက်ရာတွင် လမ်းအမျိုးအစားအလိုက် လမ်းသား Design ကို ပုံစံထုတ်ရာ၌ ယာဉ်များ၏ ဝင်ရိုးအလေးချိန်ကို စံထားပြီး လမ်းသက်တမ်းကို သတ်မှတ်ကာလ လမ်းသားအထူကို တွက်ချက်ပုံစံထုတ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကုန်ကားကြီးများ၏ စံဝင်ရိုးအလေးချိန်ကို ၁၀တန် သတ်မှတ်ထားကြောင်း၊ ယင်းအချက်များအပေါ် အခြေခံပြီး ကုန်တင်ယာဉ်များ၏ရှိရမည့် (ကုန်+ယာဉ်) အလေးချိန်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပြီး လိုင်စင်ထုတ်ထားပေးခြင်းဖြစ်ကြောင်း။

ကုန်တင်ယာဉ်များသည် လမ်းများပေါ်တွင် သတ်မှတ်တန်ချိန်အတိုင်းသာ မောင်းနှင်မည်ဆိုပါက ကားလမ်းများသည် သတ်မှတ်သက်တမ်းအထိ ခံနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညဏ်ဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာအောင်၊ အမျိုးသားစီးပွားရေးတစ်ရပ်လုံးကို အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာအောင်၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး လူနေမှုအဆင့်အတန်းမြင့်မားခိုင်မာလာအောင် နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံမှ စနစ်တကျ စီမံကိန်းများချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိအမြင်ပင် ဖြစ်ကြောင်း။

ယခုတံတားကြီး တည်ဆောက်ပေးလိုက်နိုင်သည့်အတွက် ရိုးမမှ ကျွန်းကုန်းအတွင်းရှိ ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြု အကျိုးရှိမည်ဖြစ်ကြောင်း။

မိမိတို့နယ်မြေအတွင်း နိုင်ငံတော်အစိုးရက တံတားတစ်စင်းတည်ဆောက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများကလည်း တံတားကြီးရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်ကို ပြောကြားလိုကြောင်း။

ထို့အတူ တံတားကြီးဖြစ်မြောက်အောင်မြင်အောင် တည်ဆောက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကာယ၊ ဉာဏဝန်ထမ်းများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား မြို့ချောင်းကျေးရွာမှ ဦးတင်ဌွေက တံတားကြီးတည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဝေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းတို့က ရဲနွယ်ချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

တိုက်ရိုက်သွားလာနိုင်

ရဲနွယ်ချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖောက်လုပ်ပြီး ဖောက်လုပ်ဆဲ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းအနက် ရိုးမဖြတ်ကျော်လမ်း ဒုတိယလမ်းဖြစ်သည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း-ပိန်းဇလုပ်လမ်းပေါ်တွင် တည်ရှိသည်။ တံတားတည်ဆောက်ဖွင့်လှစ်နိုင်မှုကြောင့် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းသို့ အလွယ်တကူ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး မြန်မာပြည်အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ်ယှက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စွာဖြင့် ဒေသထွက်ကုန်များကို အပြန်အလှန်ကူးလူး သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သကဲ့သို့ ဒေသ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြတ်သန်းကြည့်ရှု

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းတို့ ရဲနွယ်ချောင်းတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရဲနွယ်ချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Zaykabar Myanmar Open 2012 ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြန်မာ့ဂေါက်သီးအားကစားသမားများ အောင်နိုင်ရေးအတွက် လက်ရည်စစ်အကြိုပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Road To Victory ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ်ရှိ Royal Mingalardon Golf & Country Club ၌ ဆက်လက်ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ည ၇ နာရီခွဲတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဦးက နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ဒုတိယရရှိသော သိန်းဇော်မြင့်အား ဆုချီးမြှင့်ပြီး မြန်မာစီနီယာပီဂျီအေ ဥက္ကဋ္ဌ ဦးစန်းနောင်က စုစုပေါင်းရိုက်ချက် ၂၈၈ ချက်ဖြင့် ပူးတွဲဒုတိယရရှိသော နေဗလဝင်းမြင့်အား ဆုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း) က စုစုပေါင်းရိုက်ချက် ၂၈၂ ချက် (6-Under) ဖြင့် ပထမရရှိသော ဇော်ဇော်လတ်အား ဆုကြေးငွေကျပ်သိန်း ၂၀ တန် ချက်လက်မှတ်ကို ချီးမြှင့်ပြီး ညစာစားပွဲဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အရောင်းအဝယ်လုပ်ငန်းများတွင် လေပတ်ကားဖြင့် ရောင်းဝယ်ခြင်းဖြင့် ပစ္စည်းအရည်အသွေးထိန်းသိမ်းမှုထိခိုက် မလိုလားအပ်သော မှုခင်းကိစ္စများလည်း ပေါ်ပေါက်နိုင် ပြည်သူများ၏ အကျိုးစီးပွား နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ငွေ၊ ပစ္စည်းလက်ငင်းပေးချေ၍ အရောင်းအဝယ်ဆောင်ရွက်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်လျက်ရှိပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ ရင်းနှီးမြှုပ်နှံမှုများ၊ အရောင်းအဝယ်လုပ်ငန်းများအဆင်ပြေ၊ လျင်မြန်ချောမွေ့စေရေးတို့အတွက် အခွန်အခများကို လျှော့ပေါ့ပေးခြင်း၊ ဥပဒေအချို့ကို ပြင်ဆင်၊ ပယ်ဖျက်ပေးခြင်း၊ ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရွှေလုပ်ငန်းရှင်များအသင်းဝင်အချို့နှင့် ပြည်တွင်းအရောင်းအဝယ်လုပ်ငန်းများဖြစ်သော ရွှေရောင်းဝယ်ခြင်း၊ ပဲအမျိုးမျိုး၊ ပြောင်း၊ စပါး၊ ဆန်၊ ဆားအစရှိသော ရောင်းဝယ်မှုလုပ်ငန်းများတွင် ငွေ၊ ပစ္စည်းတို့ကို လက်ငင်းပေးချေခြင်းမပြုဘဲ လေပတ်ကား ရောင်းဝယ်မှုများပြုလုပ်နေကြကြောင်း သိရှိရသည်။

ထိုကဲ့သို့ လေပတ်ကားရောင်းဝယ်ခြင်းဖြင့် ပစ္စည်းအရည်အသွေးထိန်းသိမ်းမှု ထိခိုက်ခြင်း၊ ငွေအပေးအယူနှင့် ကတိကဝတ်များပျက်ပြားခြင်း၊ အခြားသောလူမှုရေးကိစ္စများ၊ ငွေတန်ဖိုးကိစ္စများစသည့် များစွာသော ပြဿနာများနှင့် ကြုံတွေ့ကြရခြင်း၊ ထိုမှတစ်ဆင့် မလိုလားအပ်သော မှုခင်းကိစ္စများအပြင် နိုင်ငံတော်၏ ကုန်စည်စီးဆင်းမှု၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ငွေတန်ဖိုးထိန်းသိမ်းခြင်းစသည်တို့တွင် အနှောင့်အယှက် အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရသည်။

အသိပေးနှိုးဆော်

သို့ဖြစ်၍ အရောင်းအဝယ်ပြုလုပ်ကြရာတွင် လေပတ်ကားဖြင့် အရောင်းအဝယ်မပြုလုပ်ကြရန်နှင့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ပါက ပြည်သူများ၏အကျိုးစီးပွားများ နစ်နာဆုံးရှုံးနိုင်သဖြင့် ငွေ၊ ပစ္စည်း လက်ငင်းပေးချေခြင်းဖြင့်သာ ရောင်းဝယ်မှုပြုလုပ်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံအတွင်း စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုအခြေအနေ ရိုက်တာသတင်းဌာန သတင်းထောက် မေးခွန်းများ မေးမြန်း

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ရိုက်တာသတင်းဌာန၏ Chief of Southeast Asia Bureau သတင်းထောက် Mr. Jason Szep ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန၏ နိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းကြီးများ၊ လုပ်ငန်းများနှင့် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော အစီအမံများအား သတင်းရယူလိုသဖြင့် ရိုက်တာသတင်းဌာန၏ Chief of Southeast Asia Bureau သတင်းထောက် Mr. Jason Szep ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်တို့က လက်ခံတွေ့ဆုံပြီး သတင်းဌာန၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသည်။

ရှင်းလင်းဖြေကြား

ရိုက်တာသတင်းဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် စီမံကိန်းကြီးများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုများ၊ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်နေမှုများ၊ စက်သုံးဆီ ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်သွားမည့်နည်းလမ်းများ၊ ကုန်းတွင်းကမ်းလွန် လုပ်ကွက်များ၌ ပါဝင်ဆောင်ရွက်နေသော နိုင်ငံတကာကုမ္ပဏီများနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များ၊ အမေရိကန်နိုင်ငံ အပါအဝင် အနောက်နိုင်ငံကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားမှု အခြေအနေများ၊ မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးစီမံကိန်း၏ အခြေအနေများနှင့် အချို့သော အဖွဲ့အစည်းများ၏ ပြောဆိုစွပ်စွဲချက်များ၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရာတွင် စွမ်းအင်ဝန်ကြီးဌာန၏ ပါဝင်ဆောင်ရွက်မှု အခြေအနေများကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV BGP Explorer ဖြင့် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 ၏ တည်နေရာဧရိယာဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် ၁၁ဒသမ၂၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၇ မိနစ် ၃၅ ဒသမ ၈၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် ၉ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၃၄ ဒသမ ၂၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် ၅၂ ဒသမ ၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၃၅ ဒသမ ၈၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၉ မိနစ် ၄၄ ဒသမ ၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၅၇ မိနစ် ၄၀ ဒသမ ၇ စက္ကန့်အတွင်း၌ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်သည်။

အဆိုပါ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 ၌ 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းဆောင်ရွက်ရာတွင် ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေမှုများကြောင့် တိုင်းတာရေးလုပ်ငန်းများနှောင့်နှေးခဲ့ရပြီး မူလကြေညာသတ်မှတ်ထားသည့်နေ့ရက်တွင် အချိန်မီပြီးစီးနိုင်ခြင်းမရှိပါသဖြင့် တိုင်းတာရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၃ ရက်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV BGP Explorer ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ ပြည်တွင်းလူမှုစီးပွားသတင်းပဒေသာ

*** ကျောဖုံးမှ**

"အစိုးရကတော့ သတ်မှတ်တဲ့နှုန်းထားအတိုင်း အခွန်လည်းရရှိစေ၊ ပြည်သူထဲက ကံကောင်းသူတွေလည်း ထွက်ပေါ်စေဆိုပြီး အောင်ဘာလေထီကို ဖွင့်ပေးခဲ့တာပါ။ ဒါပေမယ့်လည်း ထီပေါ်ထီဆင့်ဆိုတဲ့နည်းတွေနဲ့ ထီလုပ်ငန်းရှင်တွေက ထီဈေးနှုန်းတွေကိုလည်း တင်ခဲ့တယ်။ ထီအပိုဆုတွေလည်း ပေးခဲ့ပြန်တယ်။ ဒီအတွက် ဥပဒေနဲ့ မလွတ်ကင်းဘူးဆိုပြီး မီဒီယာတွေကနေ တင်ပြလာကြတဲ့အတွက် နိုင်ငံတော်အစိုးရက ထီအပိုဆုပေးအပ်တာတွေကို တားမြစ်ခဲ့ပြီး ထီရောင်းကြေးတွေကိုလည်း အတတ်နိုင်ဆုံး ဈေးတက်မရောင်းအောင် တားမြစ်ထားတာပါ" ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူက ပြောကြားသည်။

"ထီဆိုင်တိုင်းက ထီတွေကို ငွေကျပ် ၃၀၀ နဲ့ပဲရောင်းနေကြတာပါပဲ။ ဘာမှမထူးသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ကလည်း ယူရတဲ့ဈေးက ရှိနေတယ်လေ။ ထီဆိုင်ဖွင့်ဖို့က မလွယ်ဘူး။ ကျွန်တော်တို့ ဝယ်ရင်းဈေးကလည်း သူ့ဟာနဲ့သူ ရှိသေးတယ်လေ။ ဒီတော့ အများနည်းတူ ၃၀၀ ရောင်းမှ ကိုက်မယ်။ အမှန်တော့ ထီဆိုင်တွေကို ထီအပိုဆုမပေးခိုင်းတာဟာ ထီထိုးသူပြည်သူတွေပဲ ထိခိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ထီဈေးနှုန်းကလည်း သယ်ယူစရိတ်ဘာညာနဲ့ဆိုတော့ တခြားကုန်စည်တွေလိုပဲ ဈေးကိုတင်ရတာပဲ။ လူတွေက အစိုးရဘက်က နှုန်းထားကိုသာ သိတာလေ။ ဒီကြားထဲမှာ ထပ်တိုးသွားတဲ့ သယ်ယူစရိတ်တွေ၊ ကိုယ်လိုချင်တဲ့နံပါတ်မျိုး တောင်းရတာတွေ၊ မဂ်လာစုံတွဲဆိုလည်း ယူနစ်တွေထဲမှာ ကိုယ်ကြိုက်တာ၊ ဖောက်သည်တွေ အထိုးများတာကို ရဖို့ ဒါမျိုးတွေရှိတယ်။ ဘယ်လို ကုန်စည်ပဲဖြစ်ဖြစ် မူရင်းဈေးနဲ့ ဘယ်သူကများ ရောင်းနိုင်ကြမှာလဲ။ အစိုးရကသတ်မှတ်ထားတဲ့ဈေးနဲ့ပဲ ဝယ်ချင်တယ်ဆိုရင် ဘာလို့များကျွန်တော်တို့လို ထီဆိုင်တွေဆိုတာ ရှိနေတော့မလဲဗျာ။ အစစအရာရာမှာ ဈေးကွက်စီးပွားရေးအရ ပရိုမိုးရှင်းဆိုတာရှိကြတာပဲလေ။ ထီဆိုင်တွေအနေနဲ့ကလည်း ကိုယ့်ကုန်စည်ကို ပရိုမိုးရှင်းအနေနဲ့ အပိုဆုတွေ ပေးကြပါတယ်။ ဒါကလည်း အခြားကနေမဟုတ်ဘူး။ ထီထိုးတဲ့လူတွေရဲ့ ပိုက်ဆံတွေထဲကပဲ ပေးနေကြတာလေ။ ဒါပေမယ့် အပိုဆုတွေ မပေးနဲ့တော့ဆိုတော့လည်း သူတို့က မပေးကြတော့ဘူး။ ဒါပေမယ့် ရောင်းဈေးကျတော့လည်း ၃၀၀ ပဲ ပြန်ဖြစ်တာပဲ။ ဒီတော့ သူတို့က အပိုဆုပေးရမယ့်ငွေတောင် အိတ်ထဲထည့်သွားလိုက်သေးတယ်။

အမှန်တော့ အပိုဆုမပေးနဲ့ဆိုတာ စီးပွားရေးသမားတွေက ဘာမှမဖြစ်ဘဲ ပြည်သူတွေသာ အပိုဆုလည်းမရတော့ ဈေးကလည်း အရင်အတိုင်းဖြစ်နေတာ။ အခုထီဆုမှာ သိန်း ၁၅၀၀ ဖြစ်သွားပြီ။ အကယ်၍ အပိုဆုသာ ပြန်ပေးလို့ရရင် ပေါက်တဲ့သူက သိန်း ၂၀၀၀ ရမယ်။ ပိုမကောင်းဘူးလားဗျာ"ဟု မဟာဗန္ဓုလ လမ်းပေါ်ရှိ နာမည်ကြီး ထီဆိုင်တစ်ဆိုင်၏ အရောင်းတာဝန်ခံတစ်ဦးက ထီဈေးကွက်လက်ရှိအခြေအနေကို ပြောပြသည်။

ထီဝါသနာရှင် အထက်တန်းရှေ့နေ အမျိုးသမီးတစ်ဦးကလည်း "လောင်းကစားမှုနဲ့ ငြိစွန်းလို့ အပိုဆုမပေးဘူးလို့ အားလုံးက ပြောနေကြတာ။ အမှန်တော့ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေကြောင်းမှာ ဒီလိုအပိုဆုပေးလို့ တရားစီရင် ဆုံးဖြတ်ထားတဲ့အမှုမျိုး လုံးဝတော့မရှိသေးပါဘူး။ အပိုဆုမရတဲ့အတွက် ထီထိုးသူကတော့ လျော့မယ်မထင်ပါဘူး။ အများက အပိုဆုပြန်လိုချင်ကြတယ်ဆိုရင် ဥပဒေမှာလည်း တိတိကျကျ ဖော်ပြကန့်ကွက်ထားတာမရှိတဲ့အတွက် ပြန်ပေးနိုင်ခြေရှိတယ်"ဟု သူမ၏အမြင်ကို ပြောပြသည်။

(ခင်ရတနာ)

ကျပ် ၂၀၀ တန် ထီဖွင့်ပွဲ ၁-၂-၂၀၁၂ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် (၂၇၇)ကြိမ် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

(၂၇၇)ကြိမ် ကျပ် ၂၀၀ တန် ထီဖွင့်ပွဲတွင် အက္ခရာ ၂၈ လုံး၊ ထီစာအုပ် ၂၂၉၀၉၀၄ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်ရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၂၇၄၉၀၈၄၈၀၀ တွင် ဆုမပြည့်မီသဖြင့် ကျပ် ၈၄၈၀၀ ကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းယူ၍ ကျန်ငွေစုစုပေါင်း ဆုကျပ် ၂၇၄၉၀၀၀၀၀၀ ကို ဆုမဲများအဖြစ် ခွဲဝေပေးမည် ဖြစ်သည်။ ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆု၊ ကျပ်သိန်း ၁၀၀ မင်္ဂလာစုံတွဲဆု ၁၅ ယူနစ်၊ ဖြည့်စွက်ဆု သုံးယူနစ်နှင့် အပိုဆု ၁၇၉ ဆုတို့ကို တစ်ရက်တည်းဖြင့် ဖွင့်လှစ်ပေးမည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၅ ဆု၊ ကျပ် ၁၀ သိန်း ၄၀၅ ဆု၊ ကျပ် ငါးသိန်း သုံးဆု၊ ကျပ်သုံးသိန်း ၁၆၂ ဆု၊ ကျပ်နှစ်သိန်းဆု ၁၄၄၀ ၊ ကျပ်တစ်သိန်း ၁၄၁၅၉ ဆုအပါအဝင် ဆုမဲပေါင်း ၁၆၁၉၃ ဆုဖြစ်သည်။

ယခုနှစ် (၂၇၇)ကြိမ် ကျပ် ၂၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် လျှောက်ထားတင်ပြ ထုတ်ယူနိုင်ကြောင်း သိရှိရသည်။ **(သိန်းနိုင်)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂၈-၁-၂၀၁၂

ရေနံ့သာ မောင်ကျော်ညွှန့်၏ ယဉ်ကျေးလိမ္မာကလေးကဗျာများ စာအုပ်ထုတ်ဝေ



ရေနံ့သာမောင်ကျော်ညွှန့်ရေးသားသည့် ယဉ်ကျေးလိမ္မာကလေးကဗျာများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကဗျာစုစုပေါင်း ၉၉ ပုဒ်ပါဝင်သည်။ ကလေးများယဉ်ကျေးလိမ္မာမှုရရှိစေရန် ရေးဖွဲ့ထားကြောင်း တွေ့ရှိရသည်။ ကလေးတို့၏ ရင်ထဲနှလုံးသားထဲတွင် အစဉ်အမြဲစွဲတည်ကိန်းအောင်းနေရမည့် အသိနှင့် သတိတို့ကိုပေးရာတွင် ကလေးတို့ မှတ်မိလွယ်စေမည့် ရိုးရှင်းသောစကားလုံးများကိုသာ ရွေးချယ်သုံးနှုန်းထားသည်။

အဆိုပါစာအုပ်ကို ငွေကျပ် ၁၂၀၀ဖြင့် ရေနံ့သာစာပေ ကံ့ကော်အိမ်ရာ တိုက် ၂၆၆ အခန်းအမှတ် ၃၄ ဖုန်း-၀၉-၄၃၀၃၅၉၇၃က ဖြန့်ချိထားသည်။

ဂုဏ်ထူးဦးအောင်ခိုင်၏ Basic Grammar စာအုပ်ထုတ်ဝေ

ဂုဏ်ထူးဦးအောင်ခိုင်၏ Basic Grammar စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် အလယ်တန်း၊ အထက်တန်း၊ ဘွဲ့ကြို၊ ဘွဲ့ရများအားလုံးအတွက် အင်္ဂလိပ်စာသဒ္ဒါ၏ အခြေခံများကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် နမူနာ ဝါကျများပေးပြီး ပြည့်ပြည့်စုံစုံရှင်းပြထားသည်။ စာအုပ်နောက်ပိုင်းတွင် အဖြေများ ထည့်ပေးထားသည့်အတွက် ဆရာလွတ်လေ့လာလိုသူများအတွက်ပါ အထူးသင့်လျော်သည်။ စာအုပ်ကို ၂၇၂ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၉၁၉ တွင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

သင်္ချာကစားကွင်း စာအုပ်ထုတ်ဝေဖြန့်ချီ



ဆရာဘိုကြီး၏ သင်္ချာကစားကွင်း စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် သင်္ချာသဘောတရားဆိုင်ရာ ပျော်ရွှင်မှုတွေ၊ လှည့်စားမှုတွေ၊ ဆန်းကြယ်မှုတွေကို ကိန်းဂဏန်းတွေနဲ့ ကစားရင်း သိရှိလာမည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းအချင်းချင်း ဆက်စပ်ပုံ၊ လောကသဘာဝနှင့် ဆက်စပ်ပုံ၊ သင်္ချာဆိုင်ရာ လှည့်စားမှုများအပြင် ပတ်ဝန်းကျင်နှင့် လူသားအကျိုးပြုသည့် နည်းလမ်း၊ အဆောက်အအုံ၊ တံတားကြီး စသည်တို့ကို တည်ဆောက်မှုမှာလည်း အံ့သြဖွယ်ဖြစ်ကြောင်း တင်ပြထားသည်။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်းအထက် (ပထမထပ်) အမှတ် ၂၃၇ မဇ္ဈိမစာပေ ဖုန်း-၃၉၂၈၃၅၊ ၀၉-၅၀၅၆၀၄၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

မောင်ကြည်ညို(ဝါဏိဇ္ဇ)၏ ဂျပန်နိုင်ငံ၏အဓိကဘဏ်စနစ် စာအုပ်ထုတ်ဝေ

မောင်ကြည်ညို(ဝါဏိဇ္ဇ)၏ ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် (ဂျပန်နိုင်ငံဖွံ့ဖြိုးတိုးတက်စေခဲ့သော အဓိကအကြောင်းရင်းတစ်ရပ်) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှ ရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ် (Main Bank System)အကြောင်း ရေးသားထားသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ်ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခုကို ဖော်ညွှန်းထားသည်။

အလင်းသစ်စာပေ တိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

ဦးရည်စိန်၏ လက်ရွေးစင်စာတမ်းများစာအုပ် ထုတ်ဝေဖြန့်ချိ



မြန်မာသမိုင်းအဖွဲ့ဝင် ဦးရည်စိန် (၁၉၂၄-၂၀၀၅) ၏ သမိုင်းဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများကို ဦးသော်ကောင်းက စုစည်းထားခြင်းဖြစ်သည်။ ဤစာအုပ်တွင် ပျူခေတ်မှစ၍ ၂၀ ရာစုနှစ်ဦးပိုင်းအထိ မြန်မာ-တရုတ်ဆက်ဆံရေး သမိုင်းကြောင်းများဆိုင်ရာ အင်္ဂလိပ်စာတမ်းခုနစ်ပုဒ်၊ မြန်မာစာတမ်း ၂၁ ပုဒ် စုစုပေါင်း ၂၈ ပုဒ်ပါဝင်သည်။

ယင်းစာတမ်းများသည် ရှေးဟောင်းပျူနိုင်ငံ ပျူလူမျိုးတို့၏ အကြောင်းအရာများကို ရှေးတရုတ်မှတ်တမ်းများတွင် ဖော်ပြထားချက်များ၊ တရုတ်မှတ်တမ်းအထောက်အထားများစွာဖြင့် သုတေသနပြုမှတ်တမ်းတင်ထားသည့် စာတမ်းများဖြစ်သည်။ အဆိုပါ စာအုပ်ကို ထွန်းဖောင်ဒေးရှင်းဘဏ် စာပေကော်မတီ အမှတ် ၅၃/၆၁ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁၀၄၄၈၇ က ထုတ်ဝေဖြန့်ချိသည်။

အကျိုးကျေးဇူးများလှသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဧရာဝတီတံတား(ညောင်တုန်း)

ဧရာဝတီတံတား(ညောင်တုန်း) ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်စဉ်နှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ဆဲ လုပ်ငန်းခွင်ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်က တွေ့ရစဉ်။

- ☆ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ (၁)နှစ် (၁၀)လ ၂၅ ရက်ဖြင့် အချိန်တိုအတွင်း တည်ဆောက်နိုင်ခဲ့သည်။
- ☆ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ် လက်ထက်တွင် ရှစ်စင်းမြောက်ဖွင့်လှစ်သည့် ပေ ၁၈၀နှင့် အထက်တံတားဖြစ်သည်။
- ☆ နှစ်လမ်းမောင်း ကားလမ်းနှင့်ရထားလမ်း ယှဉ်တွဲပါရှိသည့် သံမဏိ သံပေါင်တံတားကြီးဖြစ်ပြီး ဗိုလ်မြတ်ထွန်းတံတား၏ အထက်ဘက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်ထားခြင်းဖြစ်သည်။
- ☆ ပင်မတံတားအုတ်မြစ်မှာ ဘိုးပိုင်သံကူကွန်ကရစ်အမျိုးအစား၊ တံတားတိုင်များမှာ သံကူကွန်ကရစ်အမျိုးအစားနှင့် တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်သည်။
- ☆ ပင်မတံတားမှာ ၇၄၀၂ ပေရှည်သည်။ ချဉ်းကပ်တံတား(ကားလမ်း) အနေဖြင့် ပုသိမ်ဘက်ကမ်း ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၁၅၇၅ ပေ စုစုပေါင်း ၃၄၁၂ ပေ ရှည်သည်။ ချဉ်းကပ်တံတား(ရထားလမ်း) အနေဖြင့် ပုသိမ်ဘက်ကမ်း ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း ၆၆၁၄ ပေ စုစုပေါင်း ၁၃၁၄၃ ပေ ရှည်သည်။
- ☆ တံတားတစ်စင်းလုံးအနေဖြင့် ပင်မတံတား+ချဉ်းကပ်ကားလမ်း တံတားအရှည် ၁၀၈၁၄ ပေ၊ ပင်မတံတား+ချဉ်းကပ်ရထားလမ်း တံတားအရှည် ၂၀၅၄၅ ပေ ရှည်သည်။ ကားလမ်းအကျယ် ၂၈ ပေနှင့် ရထားလမ်းအကျယ် ၁၄ ပေရှိပြီး လူသွားလမ်းတစ်ဖက်လျှင် (၃)ပေစီ ပါရှိသည်။ ရေလမ်းကင်းလွတ် အကျယ် ၂၆၂ ပေ၊ ရေလမ်းကင်းလွတ် အမြင့် ၅၇ ပေ ရှိသည်။ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်က ဧရာဝတီတံတား (ညောင်တုန်း) ချဉ်းကပ်တံတား (ကားလမ်း)နှင့် ချဉ်းကပ်တံတား (ရထားလမ်း)ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။

- ☆ တိုးတက်များပြားလာသော ခရီးသည်နှ…
ပို့ဆောင်ရေး ပိုမိုချောမွေ့စေရန်အတွက် ရန်…
ရန်ကုန်(လှိုင်သာယာ)မှ ဇလွန်-ဟင်္သာတ ရ…
ပေးပြီး ယင်းရထားလမ်းများ ဖြတ်သန်းသွ…
တံတား(ညောင်တုန်း)ရှိ ရထားလမ်းနှင့် …
ပြုသည်။
- ☆ ဧရာဝတီတံတား(ညောင်တုန်း)တွင် ကားလ…
ပါရှိသဖြင့် မြစ်ကူးချောင်းကူး သက်စွန့်…
ဧရာဝတီတိုင်းသားတို့အတွက် အကျိုးကေ…

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ရှစ်စင်းမြောက် ဖွင့်လှစ်လိုက်သော ဧရာဝတီတံတား (ညောင်တုန်း)ကို ဤသို့တွေ့ရသည်။

- ☆ ဟင်္သာတ၊ ဇလွန်မြို့တို့မှတစ်ဆင့် ဤတံ…
ပုသိမ်မြို့နှင့် ရန်ကုန် လှိုင်သာယာမြို့တို့ကို…
သာစွာ သွားလာနိုင်သည်။ ထို့ပြင် …
ဟင်္သာတရထားလမ်းပိုင်းနှင့်ဆက်ပြီး ပု…
တို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့…

၂၀၁၀-၂၀၁၁ ပညာသင်နှစ် လှိုင်သာယာမြို့နယ် အမက(၃၈)၏ ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့် စာစီစာကုံးထူးချွန်ဆုရရှိသော မအိန္ဒြေချမ်းမြေ့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုမြင့် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ ရုပ်မြင်ခံစား ရုပ်သံအစီအစဉ်များ

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၈း၄၀	၃။	International News
၈း၄၅	၄။	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၁၀	၁။	တေးဂီတအစီအစဉ်
၁၁း၂၀	၂။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ရျောင်ဌွန်း** (အပိုင်း-၄၅)
၁၂း၃၀	၄။	မြန်မာဗီဒီယို **ထာဝရမြတ်နိုးအပ်သော** ထွန်းထွန်း(နှစ်ကိုယ်ခွဲ)၊ မယ်လိုဒီ (ဒါရိုက်တာ-ဟိန်းစိုး)
၁၄း၂၀	၅။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းကြီးနှင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၁၄း၄၅	၆။	International News

ညပိုင်း

၄း၁၀	၁။	တေးဂီတအစီအစဉ်
၄း၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဒဿနိကဗေဒ၊ သမိုင်း၊ပထဝီဝင်၊စိတ်ပညာ၊ အင်္ဂလိပ်စာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာအထူးပြုများ) (ဒဿနိကဗေဒ)
၆း၀၀	၃။	ညနေခင်းသတင်း
၆း၁၅	၄။	မိုးလေဝသအခြေအနေ

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၅	၁။	တရားတော်
၈း၀၀	၂။	မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၁း၁၅	၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၄၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို**(အပိုင်း-၉)
၈း၀၀	၆။	ပြည်တွင်းသတင်း
	၇။	နိုင်ငံတကာသတင်းများ
	၈။	မိုးလေဝသအခြေအနေ
	၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၁၀)
၁၁း၂၀	၂။	ကာတွန်းအစီအစဉ် **ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ** (အပိုင်း-၂၆)
၁၁း၅၀	၃။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **စိတ်ကူးထဲကချစ်သူ**
၁၂း၄၀	၄။	ကျန်းမာသုတ
၁၃း၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၅၅)

ညပိုင်း

၄း၅၀	၁။	မီးသတိပေးနှိုးဆော်ချက်
၅း၃၀	၂။	ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၀	၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၃၀	၄။	ဘဝကြေးမုံ
၆း၅၀	၅။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၆။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၅၁)
၈း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၈။	နိုင်ငံတကာသတင်း
	၉။	မိုးလေဝသသတင်း
	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ကြီးချစ်** (အပိုင်း-၁၀)
	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၁၁၇)

အမျိုးသမီးစီးပွားရေးစွမ်းဆော… သင်တန်းတက်ရောက်ရန် အိန္ဒိ…

ရန်ကုန် ဇန်နဝါရီ ၂၈

အိန္ဒိယနိုင်ငံ ITEC အစီအစဉ်အရ National Institute of Entrepreneurship & Small Business Develo… Noida, … ၃၀ ရက်… မည့် In… Organi… Excelle… တက်ရော… သမီး … အသင်းမှ… နှင့် ဒေါ်… ၂၈ ရက်… ဖြင့် ထွက်… စီးပွားရေ… မှ နာယ…

☆ တိုးတက်များပြားလာသော ခရီးသည်နှင့် ကုန်စည်များ သွားလာပို့ဆောင်ရေး ပိုမိုချောမွေ့စေရန်အတွက် ရန်ကုန်(လှိုင်သာယာ)မှ ပုသိမ်၊ ရန်ကုန်(လှိုင်သာယာ)မှ ဇလွန်-ဟင်္သာတ ရထားလမ်းများကို ဖောက်လုပ်ပေးပြီး ယင်းရထားလမ်းများ ဖြတ်သန်းသွားလာရန်အတွက် ရောဝတီတံတား(ညောင်တုန်း)ရှိ ရထားလမ်းနှင့် ကားလမ်းကအထောက်အကူပြုသည်။

☆ ရောဝတီတံတား(ညောင်တုန်း)တွင် ကားလမ်းသာမက မီးရထားလမ်းပါ ပါရှိသဖြင့် မြစ်ကူးချောင်းကူး သက်စွန့်ဆံဖျား သွားလာနေရသည့် ရောဝတီတိုင်းသားတို့အတွက် အကျိုးကျေးဇူးများလှသည်။ မီးရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

☆ ရောဝတီတံတား (ညောင်တုန်း)ကိုတည်ဆောက်ပေးခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်ပါ အရေးပါအသုံးဝင်လှသည့်အပြင် တစ်နိုင်ငံလုံး တံတားကွန်ရက်သဖွယ်ဖောက်လုပ်ခဲ့ရာ၌ ယခု ရောဝတီတံတား(ညောင်တုန်း) အပါအဝင်ဖြစ်သည်။

"အရင်က ကျွန်တော်တို့ ပုသိမ်ကနေ ရန်ကုန်ကို ကုန်စည်တွေ သွားရောက် ရောင်းဝယ်ဖို့ဆိုရင် ရေလမ်းနဲ့ ကားလမ်းကိုသာ အဓိကထားပြီး သွားလာခဲ့ရပါတယ်။ အခုလို ကားလမ်းရော၊ မီးရထားလမ်းပါ ပါတဲ့ တံတားကြီးဖွင့်လှစ်တော့ ကုန်စည်သယ်ယူပို့ဆောင်ရေးရော၊ သွားရ လာရတာရော အဆင်ပြေ ချောမွေ့လာတဲ့အပြင် သွားလာ ပို့ဆောင်စရိတ်တွေလည်း သက်သာလာပါတယ်"

[ပုသိမ်သား- ဦးထွန်းလွင်]

"အခုဆိုရင် ဟင်္သာတကနေ ရန်ကုန်နဲ့ ပုသိမ်ကို သွားချင်ရင် အဆင့်ဆင့် သွားစရာမလိုဘဲနဲ့ ဒီတံတားကြီးကတစ်ဆင့် မီးရထားနဲ့ တစ်ခါတည်း ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ခရီးသွားရတာ ကြန့်ကြာမှုမရှိတော့ဘဲ ကျွန်မတို့ လိုတဲ့ခရီးကို အချိန်ကုန်သက်သာပြီး လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန် သွားလာနိုင်လို့ အရမ်းပဲဝမ်းသာပါတယ်ရှင်"

[ဟင်္သာတသူ-မစန်းစန်းထွေး]

"ကျွန်တော်တို့ ဒေသက မြေဩဇာကောင်းတဲ့ စိုက်ပျိုးမြေတွေမှာ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေ၊ သားငါးပေါများတဲ့ မြစ်ချောင်း၊ အင်းအိုင်တွေကရှာဖွေထားတဲ့ သားငါးတွေကို ရောင်းဝယ်နိုင်ဖို့ အခုလို တံတားကြီးရှိလာတဲ့အတွက် ဒေသခံတွေစီးပွားရေးကို ချောချောမွေ့မွေ့ လွယ်လွယ်ကူကူ ရှာဖွေနိုင်လို့ အများကြီး ဝမ်းသာရပါတယ်"

[ညောင်တုန်းမြို့နယ်သား- ကိုအောင်ဦး]



☆ ဟင်္သာတ၊ ဇလွန်မြို့တို့မှတစ်ဆင့် ဤတံတားကြီးကို ဖြတ်သန်းပြီး ပုသိမ်မြို့နှင့် ရန်ကုန် လှိုင်သာယာမြို့တို့ကို မီးရထားဖြင့် စိတ်အေးချမ်းသာစွာ သွားလာနိုင်သည်။ ထို့ပြင် ကလေး၊ ပခုက္ကူ၊ ကြံခင်း၊ ဟင်္သာတရထားလမ်းပိုင်းနှင့်ဆက်ပြီး ပုသိမ်မြို့နှင့် လှိုင်သာယာမြို့တို့မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အထိ မိုင် ၇၀၀ခန့် ခရီးကို

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင် သင်တန်းတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၈

အိန္ဒိယနိုင်ငံ ITEC အစီအစဉ်အရ National Institute of Entrepreneurship & Small Business Development (NIESBD), Noida, New Delhi ၌ ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၅ ရက်အထိ ကျင်းပမည့် Innovative Ledership for Organization Growth and Excellence(ILOGE) သင်တန်းတက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ငြိမ်းငြိမ်းအိနှင့် ဒေါ်ဝါဝါမင်းတို့သည် ဇန်နဝါရီ ၂၈ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ နာယက ဒေါ်တင်ရွှေ၊ စည်းရုံးရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးညွန့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ငှက်ကလေးရဲ့ကောင်းကင်
(အပိုင်း-၅၁)
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈။ နိုင်ငံတကာသတင်း
၉။ မိုးလေဝသသတင်း
၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အချစ်ကြီးချစ် (အပိုင်း-၁၀)
၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အိမ်အပြန်လမ်း
(အပိုင်း-၁၁၇)

■ *ရှေ့ဖုံးမှ*

ကိစ္စရပ်များကို ဖြည့်ဆည်းထောက်ပံ့နိုင်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူကျင်းပရခြင်းဖြစ်ကြောင်း။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစပ်မှ တမူးနယ်စပ်အထိ ရှည်လျားကျယ်ပြန့်သော ဒေသဖြစ်သည့်အပြင် အိန္ဒိယနိုင်ငံနှင့်လည်း ဆက်စပ်လျက်ရှိကြောင်း၊ ထိုဒေသသည် ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး အလွန်ကြမ်းတမ်းခက်ခဲပြီး အိမ်ခြေနည်းပါးသည့်ကျေးရွာများ ပြန့်ကြဲနေထိုင်ကြ၍ တစ်ဖက်နိုင်ငံနှင့်ဆက်ဆံရေး တိုးမြှင့်ခိုင်မာလာစေရေးအပါအဝင် နယ်ဘက်အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ အပြည့်အဝဆောင်ရွက်ပေးရန်လိုအပ်သော ဒေသဖြစ်၍ မြို့နယ်၊ မြို့နယ်ခွဲများ သတ်မှတ်တိုးမြှင့်ဖာလာနှင့် ရော်ဘာသီးနှံအပါအဝင် စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးနိုင်ရေးအတွက် မျိုး၊ နည်းစနစ်များမှအစ ထောက်ပံ့သွားရန်လိုအပ်ကြောင်း။

ထို့အပြင် နွေရာသီကာလတွင်ပင် လစဉ်မိုးရွာသွန်းပြီး စုစုပေါင်းမိုးရေချိန် လက်မ ၁၀၀ ခန့်အထိ ရွာသွန်းသောဒေသဖြစ်၍ ချောင်းများတွင် ကျေးရွာအစုအဖွဲ့အလိုက် လျှပ်စစ်မီးပေးနိုင်မည့် တစ်နိုင်ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့်နေရာ၊ နည်းစနစ်၊ ထုတ်လုပ်နိုင်မှု စွမ်းအားတို့အား သေချာစွာ လေ့လာဆန်းစစ် ဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း။

နာဂဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရေးအတွက် ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်နိုင်ရန် စစ်ကိုင်းတိုင်းအနေသို့ ရောက်ရှိစေရေးအတွက် မိမိတို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် အစီအမံများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေရရှိရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးကြည်နိုင်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီး ဌာန ပြည် ထောင် စု ဝန်ကြီးဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်စပ်လျက်ရှိသောဝန်ကြီးဌာနများမှ တာဝန်ရှိသူများစုဖွဲ့ပြီး မြို့နယ်များသို့ သွားရောက်လေ့လာ ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် သွားရောက်မည့် ဌာနဆိုင်ရာအဖွဲ့တွင် ကဏ္ဍအလိုက်ကျွမ်းကျင်သူများ၊ ပညာရှင်များဖြင့် ထည့်သွင်း ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသဖြစ်၍ စက်ယန္တရားများတင်ပို့ရန်ကအစ အသေးစိတ်စဉ်းစား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ထိုဒေသဖွံ့ဖြိုးရေးလမ်းကြောင်းပေါ် ရောက်ရှိလာသည်အထိ တစိုက်မတ်မတ် ဦးတည်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဤလုပ်ငန်းများအား နိုင်ငံတော်၏ အမျိုးသားအဆင့်စီမံကိန်းတစ်ရပ်ဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်နှင့်အညီ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဤဒေသသည်လိုအပ်သောငွေကြေးထောက်ပံ့ ဖြည့်ဆည်းမှုများအပြင် လိုအပ်ချက်များကိုပါ တစ်ပါတည်းဖြည့်ဆည်းပေးနိုင်မှသာ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသဖြစ်၍ လုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဆောင်ရွက်ပေးပြီး ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်က လူသွားလမ်းမျှသာရှိသောဒေသဖြစ်၍ ယခင်တပ်မတော်အစိုးရလက်ထက်တွင် မြေသားတစ်ကြောင်းထိုးလမ်းများ စတင်ဖောက်လုပ်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ အချို့နေရာများတွင် ဆိုင်ကယ်၊ ထော်လာဂျီ၊ ဂျစ်ကားများ သွားလာနိုင်သည့် မြေသားလမ်းအဆင့်ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ကျောက်ကြမ်းလမ်း စသည်ဖြင့် လမ်းအဆင့်တိုးမြှင့် ဖောက်လုပ်ပေးရေးအတွက် (၃)နှစ်စီမံချက် ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဤဒေသသည် ဒေသဝမ်းစာဖူလုံမှုမရှိသေးသည့် ဒေသဖြစ်၍ ရာသီဥတုနှင့် ကိုက်ညီပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် စပါးမျိုးများမှအစ ဖြန့်ဝေထောက်ပံ့နိုင်ရေး၊ ဒေသရေရှည်စီးပွားရေးအတွက် လက်ရှိစိုက်ပျိုးနေသည့် ဒေသကြီးမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သည့်အဖွဲ့ စနစ်တကျဖွဲ့စည်း၍ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ထိုဒေသရှိ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာများအထိ သွားရောက်ကာ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး အခြေအနေအသေးစိတ် လေ့လာကြရန်ဖြစ်ကြောင်း။

အဆိုပါအဖွဲ့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာများ ရေရှည်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ မည်သို့ ပံ့ပိုးဆောင်ရွက်သွားရမည်ကို အသေးစိတ်သိရှိစေရန် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွဲ့စည်းပြီးနောက် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်သဖြင့် အဆင်ပြေစပြုလာသည့် အခြေအနေမှ ဖွံ့ဖြိုးတိုးတက်လာသည့် အခြေ

ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ ဖြစ်ထွန်းအောင်မြင်

မအူပင် ဇန်နဝါရီ ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာ၌ တောင်သူဦးနေဝင်း၏ လယ်ယာမြေတွင် ပေါင်းစည်းလယ်ယာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဇန်နဝါရီ ၂၁ ရက်က ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကံဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းနှင့် ခရိုင်/မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ပေါင်းစည်းလယ်ယာလုပ်ငန်းခွင်တွင် ငါးကန်၊ နွေစပါး၊ မတ်ပဲ၊ နေကြာ၊ ငရုတ်၊ ခရမ်းစသည့် သီးနှံစိုက်ခင်းများအပြင် စင်တင်သီးနှံများအဖြစ် ဘူး၊ ခဝဲ၊ ကြက်ဟင်းခါး၊ ဘုံလုံတို့ကို စိုက်ပျိုးထားပြီး မွေးမြူရေးအနေဖြင့် ငါးမြစ်ချင်း၊ ဝက်၊ ကြက်၊ ဘဲ၊ ဆိတ်၊ နွားတို့ကို မွေးမြူထားသည်။ ထို့ပြင် ကောက်ရိုးမှို၊ ချပ်စက္ကူမှို၊ တီကောင်မွေးမြူရေးကန်တို့အား စနစ်တကျစိုက်ပျိုး မွေးမြူဆောင်ရွက်ထားကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်၌ စာအုပ်စာစောင်နှင့် ပရိဘောဂများ လှူဒါန်း

မူဆယ် ဇန်နဝါရီ ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်ရုံးခန်းမ၌ ဒီဇင်ဘာ ၂၆ ရက်က စာအုပ် စာစောင်၊ ပရိဘောဂလှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ကျင်းပရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးက စာအုပ် စာစောင်၊ ပရိဘောဂလှူဒါန်းပွဲနှင့် ဂုဏ်ပြုပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စေတနာရှင်အလှူရှင် ၄၄ ဦးက သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်တင်စင် သုံးခုတို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

တိရစ္ဆာန်ကျန်းမာရေးလုပ်သား သင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၂၈

ဟသ်ာတခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ကျန်းမာရေး လုပ်သားသင်တန်းဆင်းပွဲနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ဟသ်ာတမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဟသ်ာတမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမူက တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များနှင့် တာဝန်ပေးအပ်လွှာများကို ပေးအပ်ချီးမြှင့်သည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းတွင် ကာကွယ်ဆေးထိုးစွမ်းရည်ဆုရရှိသူ သင်တန်းသား ဦးကျော်ရွှေအား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

အိပ်ခန်းထဲဝင်လာပြီး ဓားထောက်၍ ချစ်ရေးဆိုသူအား ဒေးဒရဲ ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ

ဇန်နဝါရီ ၂၃ ရက် ည ၁၁ နာရီ မိနစ် ၅၀ခန့်က ဒေးဒရဲမြို့နယ် ဆင်ကူးကျေးရွာနေ ဦးဇော်ဝင်း (၃၉)နှစ် (ဘ-ဦးတင်ငွေ)သည် ဟာလာစက်ရုံ အပေါ်ထပ်၌ အိပ်ပျော်နေစဉ် အရှေ့ခန်း၌ အိပ်ပျော်နေကြသော သမီး မခင်သက်ဝေ (၁၆)နှစ်နှင့် အလုပ်သမ မနန်းဝေခိုင်တို့ အတူအိပ်သည့်အခန်းဘက်ဆီမှ ကြမ်းပြင်အား ထုရိုက်အော်ခေါ်သံကြားရသဖြင့် ဇနီးနှင့်အတူ သမီးအခန်းသို့ သွားရောက်ကြည့်ရှုရာ တစ်ရွာတည်းနေ ကျော်စွာလင်းထက်(၁၆)နှစ် (ဘ-ဦးမြင့်ဝေ)က မခင်သက်ဝေ အိပ်ခန်းသို့ဝင်ရောက်လာပြီး ဓားဖြင့်ထောက်၍ အဓမ္မချစ်ရေးဆိုသဖြင့် သမီးက ကြောက်လန့်ပြီး ဖခင်အား အိပ်ခန်းကြမ်းပြင်ထုရိုက်ခေါ်စဉ် ကျော်စွာလင်းမှာထွက်ပြေးသွားကြောင်းပြောပြသည်။ ယင်းဖြစ်ရပ်ကို ဖခင်ဖြစ်သူ ဦးဇော်ဝင်းက ဇန်နဝါရီ ၂၄ ရက်တွင် ဒေးဒရဲ ရဲတပ်ဖွဲ့၌ တိုင်တန်းချက်အရ ပြစ်မှုကျူးလွန်သူ ကျော်စွာလင်းထက်အား ဖမ်းဆီးအရေးယူထားကြောင်း သိရှိရသည်။ (၀၇၇)

ကားကိုကျော်တက်ရာမှ ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်

မိတ္ထီလာမြို့ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း ပညာရေးကောလိပ်ရှေ့တွင် ဇန်နဝါရီ ၂၄ ရက် ည ၁၁ နာရီခန့်က မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်နေ သိန်းထူး ၂၅ နှစ် အနောက်မှအရှေ့သို့စီးလာသည့် ၁၂ယ/ကန်ဘို ၁၁၀ အနက်ရောင်ဆိုင်ကယ်သည် ရှေ့မှကားတစ်စီးကို အရှိန်ဖြင့်ကျော်တက်ရာမှ တစ်ဖက်လမ်းကြောသို့ရောက်သွားစဉ် မျက်နှာချင်းဆိုင်မှ အောင်ဆန်းရပ်ကွက်နေ ကျော်မျိုးဝင်းနှင့်အတူ ကိုနိုင်(ခ) ဝင်းနိုင်တို့စီးလာသည့် ၁၉ယ/ ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင် တိုက်မိကြသည်။

ဆိုင်ကယ်ချင်းမျက်နှာချင်းဆိုင်တိုက်မိကြစဉ် မောင်မျိုးဝင်းနှင့် ကိုနိုင်(ခ) ဝင်းနိုင်မှာ ပြင်းထန်စွာဒဏ်ရာရရှိသွား၍ ဆေးရုံတွင် အတွင်းလူနာအဖြစ်တင်ထားလိုက်ရကြောင်း သိရှိရသည်။

ကိုတင်လှိုင်(မိတ္ထီလာ)

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

အောင်လံ ဇန်နဝါရီ ၂၈

ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် အောင်လံမြို့နယ် သမဝါယမဦးစီးဌာန၏ အစီအမံဖြင့် အောင်လံမြို့နယ် သမဝါယမအသင်းစုမှ သပြေပင်ကျေးရွာအုပ်စု ဥသျှစ်ကုန်းကျေးရွာ အောင်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရှိ အသင်းသားများအား စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါအသင်းဆိုင်၌ ကျင်းပသည်။

ထုတ်ချေးပေး

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူသူဟန်က ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အသင်းစုဥက္ကဋ္ဌက အသင်းသား ၁၂၉ ဦးသို့ စိုက်ပျိုးစရိတ်ချေးငွေကျပ် ရှစ်ဆယ့်ခြောက်သိန်းတစ်သောင်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ရွှေကျင်၌ထောက်ပံ့လှူဒါန်း

ရွှေကျင် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများက လှူဒါန်းထောက်ပံ့သော ပညာရေးဒါနထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေးအတွက် စခန်းသွင်းလေ့ကျင့်နေသည့် အထက၊ အထကခွဲ(၇) ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၄၀၃ ဦးသို့ ပညာရေးဒါနအဖြစ် အလှူငွေကျပ် နှစ်ဆယ့်သုံးသိန်းခြောက်ထောင်နှစ်ရာ့ငါးဆယ်ကို အလှူရှင် ၂၂ ဦးက ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်ပညာရေးမှူးတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခြေခံပညာအလယ်တန်းကျောင်းအဆင့် မြောင်းမြမြို့နယ် စကမြားကျေးရွာ၌တိုးမြှင့်ဖွင့်လှစ်

မြောင်းမြ ဇန်နဝါရီ ၂၈

မြောင်းမြမြို့နယ် စကမြားကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲအဆင့်မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့မုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် မြို့နယ်ပညာရေးမှူးဒေါ်မြင့်မြင့်ဌေးတို့က အလယ်တန်းကျောင်း မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စကမြားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသည် ၁၉၇၅ ခုနှစ်က တွဲဖက်အလယ်တန်းကျောင်းအဖြစ်လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် အလယ်တန်းကျောင်းခွဲအဖြစ်လည်းကောင်း အဆင့်ဆင့်တိုးမြှင့်လာခဲ့ပြီး ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် နိုင်ငံတော်မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပေါင်းတည်မြို့ အုတ်ဖို(၁)ရပ်ကွက် ရှမ်းစုလမ်းရှိ သံဂဟေဆက်အလုပ်ရုံနှင့် ဆိုင်ကယ်ပြင်ဆိုင်များ၏ ထုရိုက်သံ၊ ဆေးမှုန့်အနံ့ ၊ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးစိုးရိမ်သူ

အကြော်ဖိုမှ ညှော်နံ့မခံနိုင်

စာတည်းခင်ဗျား-

သန်လျင်မြို့ ဘုရားကုန်းကျေးရွာ ကွမ်းခြံကုန်း သဒ္ဒါရပ်ကွက်(၁)လမ်းအတွင်းရှိ အကြော်ဖိုမှထွက်ရှိသော ညှော်နံ့များကို ပတ်ဝန်းကျင်နေထိုင်သူများ ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

ပျက်စီးနေသောလမ်း ပြုပြင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

၁၁-၁၁-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံ ပေးစာပါ ပျက်စီးနေသောလမ်း ပြုပြင်ပေးပါ ပေးစာနှင့်ပတ်သက်၍ **ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၂) ၁၅လမ်း လမ်းအရှည် (၁၂၀၀ ပေ× ၁၂ ပေ×၁၁ လက်မ)ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲလျာထားပြီးဖြစ်**ပါသဖြင့် ၄င်းဘဏ္ဍာရေးနှစ်တွင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ငါးခြောက်ဂိုဒေါင်မှအနံ့ဆိုးများ ဆောင်ရွက်ပြီးစီး

၁၃-၁-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက် အထက်လမ်းမကြီးရှိ ငါးခြောက်ဂိုဒေါင်မှ အနံ့ဆိုးများမခံနိုင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

မင်္ဂလာပါတပည့်တို့-

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်ပေးသွားမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ ၂၀၀၈-၀၉ စာသင်နှစ်ကစလို့ Grade-11 Biology ဖတ်စာအုပ်အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ၂၀၀၇-၀၈ တက္ကသိုလ်ဝင် စာမေးပွဲမှာ ကျရှုံးခဲ့ပြီး ယခုစာသင်နှစ်မှာ ဇီဝဗေဒဘာသာရပ်ကိုပဲ ဆက်လက်ယူကြတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ အပြင်ဖြေကျောင်းသား၊ ကျောင်းသူများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ကျောင်းသား၊ ကျောင်းသူများအဓိကသဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade-11 Biology ပါ သင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာ နားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာဝေါဟာရ (Terminology) များကို စာလုံးပေါင်းနှင့်တကွ သေချာစွာကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလဲ နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့စာတွေဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မေးခွန်းဟောင်းများကို လေ့လာပြီးဖြေဆိုကြည့်ကြဖို့လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှပဲ မေးခွန်းရဲ့ သဘောကို နားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လဲ မေးခွန်းအသွားအလာကိုနားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူး။

- မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True/False
2. Completion
3. Short Questions (2 Marks each) ပေးပါတယ်။
4. Short Questions (4 Marks each) ပေးပြီး
5. Long Questions (8 Marks each) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ ကြည့်မယ်ဆိုရင်-

မေးခွန်းအမှတ်(၁) True/False အမျိုးအစားမှာ Statements (၂၀)ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၂) Completion ကွက်လပ်ဖြည့် အမျိုးအစားမှာ Statements (၂၀)ပါပြီး (1) mark for each statement ပေးထားလို့ စုစုပေါင်း (20 marks) ရပါမယ်။

မေးခွန်းအမှတ်(၃) Short Questions အမျိုးအစားမှာ (2 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ (၆) ပုဒ် ပေးထားပြီး Answer All Question လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ်စလုံး ဖြေဆိုရမယ်။ ဒါကြောင့်စုစုပေါင်း (2 x 6 = 12marks) ရပါတယ်။

မေးခွန်းအမှတ်(၄) Short Questions အမျိုးအစားမှာ (4 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (e) ထိ (၅)ပုဒ် ပေးထားတယ်။ Answer ANY FOUR Question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့အနက် (၄)ပုဒ် ဖြေဆိုရမယ် - ဒါကြောင့် စုစုပေါင်း (4 x 4 = 16 marks) ရပါတယ်။

မေးခွန်းအမှတ်(၅) Long Questions အမျိုးအစားမှာ (8 Marks for each answer) ပေးထားပါတယ်။ ဆင့်ပွားမေးခွန်းငယ် (a) to (f) ထိ (၆)ပုဒ်ပေးထားတယ်။ ဒီမေးခွန်းအမှတ်(၅)မှာလည်း Answer ANY FOUR Question လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ(၄)ပုဒ်သာ ဖြေဆိုဖို့ လိုအပ်တယ်။ ဒါကြောင့် စုစုပေါင်း (8 x 4 = 32marks) ရပါတယ်။

အမှတ်အရေအတွက်နဲ့ ကြည့်မယ်ဆိုရင် -

မေးခွန်းအမှတ် No. 1	20	marks
No. 2	20	marks
No. 3	12	marks
No. 4	16	marks နဲ့
မေးခွန်းအမှတ် No. 5	32	marks
စုစုပေါင်း Total	100	marks ဖြစ်ပါတယ်။

မေးခွန်းနံပါတ် ၁ နဲ့ ၂ ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ No. 3 ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် ၄ နဲ့ ၅ မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများအဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True/False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် ၄ နဲ့ ၅ ကိုလဲ တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက် နားလည်အောင် ကျေညက်စွာကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတောh Chapter ၁၂ ခုလုံးကို စေ့စပ်စွာ ခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter ၁၂ ခုမှာ မိမိအတွက် လွယ်ကူတဲh Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကိုလေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုမှ အကြောင်းအရာများကို ဘယ်လိုခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် -

မေးခွန်းအမှတ် No. 1 TRUE / FALSE (20 marks) ကို ဆင့်ပွားမေးခွန်းငယ် ၂၀ ကို Chapter အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter I	မှ မေးခွန်းငယ်	i, ii,	(2 statements)
Chapter II	မှ မေးခွန်းငယ်	iii, iv	(2 statements)
Chapter III	မှ မေးခွန်းငယ်	v	(1 statement)
Chapter IV	မှ မေးခွန်းငယ်	vi, vii	(2 statements)
Chapter V	မှ မေးခွန်းငယ်	viii, ix	(2 statements)
Chapter VI	မှ မေးခွန်းငယ်	x, xi	(2 statements)
Chapter VII	မှ မေးခွန်းငယ်	xii	(1 statement)
Chapter VIII	မှ မေးခွန်းငယ်	xiii, xiv	(2 statements)
Chapter IX	မှ မေးခွန်းငယ်	xv, xvi	(2 statements)
Chapter X	မှ မေးခွန်းငယ်	xvii	(1 statement)
Chapter XI	မှ မေးခွန်းငယ်	xviii, xix	(2 statements) နဲ့
Chapter XII	မှ မေးခွန်းငယ်	xx	(1 statement)

မေးခွန်းအမှတ် No. 2 COMPLETION (20 marks) မှာလည်း ဆင့်ပွားမေးခွန်းငယ် ၂၀ ကို Chapter အလိုက် အောက်ပါအတိုင်း ဖွဲ့စည်းထားတယ်။

Chapter I	မှ မေးခွန်းငယ်	i, ii,	(2 statements)
Chapter II	မှ မေးခွန်းငယ်	iii, iv	(2 statements)
Chapter III	မှ မေးခွန်းငယ်	v	(1 statement)
Chapter IV	မှ မေးခွန်းငယ်	vi, vii	(2 statements)
Chapter V	မှ မေးခွန်းငယ်	viii, ix	(2 statements)
Chapter VI	မှ မေးခွန်းငယ်	x, xi	(2 statements)
Chapter VII	မှ မေးခွန်းငယ်	xii	(1 statement)
Chapter VIII	မှ မေးခွန်းငယ်	xiii, xiv	(2 statements)
Chapter IX	မှ မေးခွန်းငယ်	xv, xvi	(2 statements)
Chapter X	မှ မေးခွန်းငယ်	xvii	(1 statement)
Chapter XI	မှ မေးခွန်းငယ်	xviii, xix	(2 statements)
Chapter XII	မှ မေးခွန်းငယ်	xx	(1 statement)

True/False statements များကို chapter (12) ခုလုံးမှ ပါဝင်အောင်ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှအပ ကျန် Chapter များမှ (2) statements စီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင်h chapter (8) ခုမှ 2 statements စီ (2x8=16 marks) chapter (4) ခုမှ 1 statement စီ(1 x 4= 4 marks) စုစုပေါင်း (20 marks) အနေနဲ့ chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ကြပါလိမ့်မယ်။

No. (1) True/False statements များကို ဖြေဆိုဖို့ statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own Construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True/False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True/False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးထားတာက ပထမဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာ ကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ statement များကို False လို့အားလုံး (သို့မဟုတ်) True လို့ အားလုံးရေးသား ဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသား၊ ကျောင်းသူများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာ စစ်ဆေးသူများအနေနဲ့ အရင်ဆုံးကောက်ချက်ချမှာကတော့ ဒီကျောင်းသား၊ ကျောင်းသူများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီအပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမည်းနဲ့ ဖော်ပြထားလို့ သေသေချာချာ လေ့လာစေချင်ပါတယ်။ No.(2) Completion အမျိုးအစားမှာ ပါဝင်တဲh statement များကို No. 1 True/False statements များမှာလိုပJ Grade 11 Biology Text ထဲမှာပါတဲ့ chapter (12) ခုလုံးမှ ကောက်နုတ် ခွဲဝေမေးထားပါတယ်။ Completion statement များ အတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့ နေရာမှာ မှန်ကန်တဲ့ word ကို spelling မှန်မှန်နဲ့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် spelling များကိုလဲ သတိထားပြီး ရေးသားကျက်မှတ်ကြရပါလိမ့်မယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။

True/False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်လို့ (၃)ခန်းလောက်လွှတ်ပြီးကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

မေးခွန်းအမှတ် No. 3 Answer All Questions (12) Marks

လို့ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့ဆင့်ပွားမေးခွန်းငယ်

(a)
(b)
(c)
(d)
(e) နဲ့
(f) ရယ်လို့(၆)ပုဒ်ပေးထားပြီး တစ်ပုဒ်ကို(၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့မေးခွန်းအမျိုးအစားပဲဖြစ်ပါတယ်။

ဒီမေးခွန်းအမှတ် No.3 မှာ answer all questions ဆိုပေမယ့် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့်ရှိသေးတယ်။ *စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

စာမျက်နှာ ၁၅ မှ

မေးခွန်းအမှတ် No. 3 (2 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

a. ကို Chapter I to IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ်

မေးခွန်းအမှတ် No. 4 (4) marks each မေးခွန်းကို Answer ANY FOUR questions အနေနဲ့ ဆင့်ပွားမေးခွန်းငယ် a to e ထိ (၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းအမှတ် No. 4 (4 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

No. 4. a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VII မှ (၁) ပုဒ်
d. ကို Chapter VIII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter IX မှ (၁) ပုဒ်
e. ကို Chapter X မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XI မှ (၁) ပုဒ် ၎င်းကို ထပ်ဆင့် OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားပါတယ်။

Grade 11 Biology ဖတ်စာအုပ်မှာ

Chapter I – IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း No.3 မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်း ဖြစ်တယ်။

Chapter V မှာတော့-နို့တိုက်သတ္တဝါ (mammal) များအကြောင်းကို အခြေခံရစေဖို့

- Mammals အုပ်စုများ
- Mammals များရဲ့ general characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ Y organ systems များနဲ့ ပြည့်စုံစွာ ဖော်ပြထားတာတွေ့ ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်း အခြေခံ (၁)ပုဒ် No. 3 question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XII ပါ အကြောင်းအရာများကတော့ အပင်နဲ့ သတ္တဝါတွေရဲ့ အသက်ရှင်လုပ်ရပ်များ Life processes များကို ပုံစံပြုပူးတွဲဖော်ပြထားပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ chapter XI မှာလဲ မျိုးရိုးဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက် နားလည်သွားနိုင်ပါတယ်။ Homozygous genotype နဲ့ Heterozygous genotype တို့မှ gametes များ ထွက်ပေါ်လာပုံ အခြေခံကို နားလည်ထားစေချင်ပါတယ်။

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှု ပေးထားပါတယ်။

No. 5 Long question (8 marks each) သတ်မှတ်ထားတဲ့အမျိုးအစား Answer ANY FOUR questions ဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတာ မေးခွန်းဟောင်းလေ့လာသူများ တွေ့ကြပါလိမ့်မယ်။

မေးခွန်းမှာ Biology text ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့ -

No. 5 (8 Marks each) အနေနဲ့ ဆင့်ပွားမေးခွန်းငယ်

No.5 a. ကို Chapter I-IV မှ (၁) ပုဒ်
b. ကို Chapter V မှ (၁) ပုဒ်
c. ကို Chapter VI မှ (၁) ပုဒ်
d. ကို Chapter VII မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter VIII မှ (၁) ပုဒ်
e. ကို Chapter IX မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter X မှ (၁) ပုဒ်
f. ကို Chapter XI မှ (၁) ပုဒ် ၎င်းကို OR ခံပြီး
Chapter XII မှ (၁) ပုဒ် မေးထားတာ တွေ့ရှိပါလိမ့်မယ်။

No. 5 မေးခွန်းမှာလည်း (၆)ပုဒ် မှ (၄)ပုဒ် ရွေးချယ်နိုင်ရုံသာမက (OR) ခံထားတဲ့ ဆင့်ပွားမေးခွန်းငယ်တွေ လည်း ပါတာကြောင့် ရွေးချယ်နိုင်ခွင့်ပိုများပါတယ်။

မေးခွန်းခွဲဝေပြီးတော့ ကျောင်းသူ၊ ကျောင်းသားတစ်ယောက်ဟာ

Chapter I to V ပဲ ကျက်မယ်ဆိုရင်၊ မိမိအတွက်ရနိုင်မယ့်အမှတ်ကို ဖော်ပြမယ်။

Chapter I to V ကိုပဲ ကြည့်မယ်ဆိုရင်

မေးခွန်းအမှတ် No. 1 True / False ရဲ့ဆင့်ပွားမေးခွန်းငယ် (i-ix) ထိ ဖြေနိုင်ရင် - (9) marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ဆင့်ပွားမေးခွန်းငယ် (i-ix) ထိ ဖြေနိုင်ရင် - (9) marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (4)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (8) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b) ကိုဖြေနိုင်ရင် - (16) marks ရပါမယ်။

ʻ ဒါကြောင့် စုစုပေါင်း Total 46 marks ရပါတယ်။

Chapter I to VI အထိပဲ ကျက်ဖို့ရည်မှန်းထားတဲ့ ကျောင်းသား၊ ကျောင်းသူများ အဖို့ကတော့

မေးခွန်းအမှတ် No. 1 True / False ရဲ့ ဆင့်ပွားမေးခွန်းငယ် (i-xi) ထိဖြေနိုင်ရင် - (11)marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ ဆင့်ပွားမေးခွန်းငယ် (i-xi) ထိဖြေနိုင်ရင် - (11)marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b,c) ကိုဖြေနိုင်ရင် - (6)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each)
ရဲ့ဆင့်ပွားမေးခွန်းငယ် (a, b,c) ကိုဖြေနိုင်ရင် - (12) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ ဆင့်ပွားမေးခွန်းငယ်
(a, b,c)ကို ဖြေနိုင်ရင် - (24) marks ရပါမယ်။ ဒါကြောင့် စုစုပေါင်း Total 64 marks ရပါတယ်။

Chapter I to VII အထိသာ ကျက်မှတ်ရန်ရည်မှန်းထားတဲ့ ကျောင်းသား၊ ကျောင်းသူများ အဖို့ကတော့

မေးခွန်းအမှတ် No. 1 True / False ရဲ့ဆင့်ပွားမေးခွန်းငယ် (i-xii) ထိဖြေနိုင်ရင် - (12)marks
မေးခွန်းအမှတ် No. 2 Completion ရဲ့ဆင့်ပွားမေးခွန်းငယ် (i-xii) ထိဖြေနိုင်ရင် - (12)marks
မေးခွန်းအမှတ် No. 3 Answer All Questions (2 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b,c,d) ကိုဖြေနိုင်ရင် - (8)marks
မေးခွန်းအမှတ် No. 4 Answer ANY FOUR Questions (4 Marks each)
ရဲ့ ဆင့်ပွားမေးခွန်းငယ် (a, b,c) ကို ဖြေနိုင်ရင် - (12) marks
မေးခွန်းအမှတ် No. 5 Answer ANY FOUR Questions (8 Marks each) ရဲ့ဆင့်ပွားမေးခွန်းငယ်
(a, b,c,d)ကိုဖြေနိုင်ရင်-(32) marks ရပါမယ်။ ဒါကြောင့် စုစုပေါင်း Total 76 marks ရပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိ ဖြေချင်တာကို ရွေးချယ်နိုင်တဲ့အခွင့်အလမ်းလဲပိုများတာ တွေ့ရပါလိမ့်မယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်-

မေးခွန်းအမှတ် No.1. True/False နှင့် မေးခွန်းအမှတ် No 2. Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ် အမှတ်(i. မှ x.) ကို အပေါ်မှအောက်သို့ လည်းကောင်း၊ ဆင့်ပွားမေးခွန်းငယ် xi. ကို i. ၏ ဘေးစာမျက်နှာ အလယ်မှရေးပြီး အောက်သို့ ဆက်တိုက် xx. ထိ အဖြေလွှာစာအုပ်ပေါ်တွင် ရေးထားလိုက်ပါ။ ဒီလိုရေးခြင်းအားဖြင့် နံပါတ်မှားတပ်ခြင်း မရှိတော့ဘဲ အမှားနည်းနိုင်ပါတယ်။

i.	xi.
ii.	xii.
iii.	xiii.
iv.	xiv.
v.	xv.
vi.	xvi.
vii.	xvii.
viii.	xviii.
ix.	xix.
x.	xx.

ဒီလိုရေးချပြီးမS Statement များကို သေချာစွာဖတ်ရှုပြီး မိမိအနေနှင့် သေချာသောအဖြေများကို သက်ဆိုင်ရာ နံပါတ်နံဘေးတွင်ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကို ချန်ခဲ့ပြီး အချိန် ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statement ရဲ့ အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

No 3, 4 နှင့် 5 များမှာ (a,b,c,d,e,f) စသည်တို့ဖြင့်ပေးထားသော မေးခွန်းများဖြေဆိုတဲ့အခါ (a,b,c,d,e,f) အထဲမှမိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကိုအရင်ဆုံးစဖြေပါ။ အဖြေ၏ နံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတပ်ရန်လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ ဒီလိုပဲ (a) ဖြေထားပြီးရင်လည်း (c) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့မေးခွန်းကို ရွေးချယ် ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State/ Define/Explain/ Describe/Clarify/Name/List/Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကိုသုံးပြီး မေးထား လေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့မေးလေ့ရှိပြီး Provide labels to the given diagram and state ---------- လို့မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့ အခါမှာလည်း ပုံမှာရှိတဲ့အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့်အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြ စေချင်ပါတယ်။

Give labeled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ် ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

ဒီလိုဆိုရင် ကျောင်းသား၊ ကျောင်းသူတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာ သိကောင်းစရာဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄

ဦးမင်းသက်ဆန်း(ခ)ဦးပြည့် နှင့် ဒေါ်နီနီဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ သိမ်ဖြူလမ်းမကြီး၊ အမှတ်၄၈၂၊ ခုနစ်လွှာ(ဝဲ)နေ တရားပြိုင် ဒေါ်နီနီဝင်း (ယခင်နေရပ်လိပ်စာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းသက်ဆန်း(ခ)ဦးပြည့်မှငွေချေးငွေကျပ်သိန်း ၁၅၀ ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၃ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြိုင်
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

09-73008262, 09-73055611, 01-563141

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ အောင်သီရိကျေးရွာဖွင့်ပွဲနှင့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သီရိကျေးရွာ၌ ကျင်းပသော အောင်သီရိဖောင်ဒေးရှင်းက တည်ဆောက်ပေးသည့် အောင်သီရိကျေးရွာဖွင့်ပွဲနှင့် အောင်သီရိဘုန်းတော်ကြီးကျောင်း ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်သီရိဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးသာဌေးက အောင်သီရိကျေးရွာတည်ဆောက်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် အောင်သီရိဖောင်ဒေးရှင်း အမှုဆောင် ဦးဇော်မိုးဝင်းက ကျေးရွာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်လွင်ထံ ပေးအပ်သည်။

ယင်းနောက် ကျေးရွာပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးတင်ဦးက ကျေးရွာတည်ဆောက်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးနှင့် နေပြည်တော်ခရိုင် *စာမျက်နှာ ၃ ကော်လံ ၁* ◆

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး အောင်သီရိကျေးရွာ ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကူးတို့ဆိပ်ရပ်ကွက်မှ ပျက်စီးသွားသောအိမ်များ ပြန်လည်တည်ဆောက်ပြီးစီး

➤ သတင်းမှတ်စု - တင်ဝင်းလေး(ကြည့်မြင်တိုင်) ➤

ရန်ကုန် ဇန်နဝါရီ ၂၈

မီးလောင်ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ရသော မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ အိမ်အလုံး ၉၀ ကို မြို့နယ်၏ စီစဉ်ကြီးကြပ်မှုဖြင့် အိမ်ခေါင်ခွဲ အိမ်တစ်လုံးလျှင် ငွေကျပ် ၇၀၀၀၀၀ (ကျပ်ခုနစ်သိန်း) ထောက်ပံ့ပေးခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် အိမ်များအားလုံးနီးပါး ပြန်လည်ပြုပြင်တည်ဆောက်ပြီးနေပြီကို တွေ့ခဲ့ရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်က "အိမ်အတော်များများ ပြုပြင်ပြီးနေကြပါပြီ။ ဒါက ပျက်စီးသွားတဲ့ ဘုန်းကြီးကျောင်းပါ။ အလှူရှင်ရှိတဲ့အတွက် ပြန်ဆောက်နေကြပါပြီ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း တစ်အိမ်ကို လျှပ်စစ်မီတာတစ်လုံးနဲ့ မီးခြောက်ပွင့်စီ လာရောက်တပ်ဆင်ပေးနေပါတယ်။ ဇန်နဝါရီ ၂၅ ရက် ညနေမှာ မီးလင်းမယ်လို့ ဆိုပါတယ်။ ဒီအပေါ်မှာ ရပ်ကွက်ပြည်သူတွေအနေနဲ့ တစ်ပြားတစ်ကျပ်မှ မပေးရပါဘူး"ဟု ရှင်းပြသည်ကို သိခဲ့ရပါကြောင်း။ (၀၄၂)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွား သတင်းပဒေသာ ခင်ရတနာ - ရေးသားသည်

ထီဈေးနှုန်းများ ထိန်းချုပ်နိုင်မည်လား

ရန်ကုန် ဇန်နဝါရီ ၂၈

လာမည့်ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဖွင့်လှစ်မည့် ထီဆုများနှင့် ထီအက္ခရာများအား တိုးမြှင့်ထားသော်လည်း ဈေးကွက်အတွင်းရှိ ထီဈေးနှုန်းများမှာမူ မြင့်တက်လျက်ပင်ရှိနေသေးကြောင်း ထီလုပ်ငန်းအသိုင်းအဝိုင်းမှ သိရှိရသည်။ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ လာမည့်ဖေဖော်ဝါရီ ၁ ရက်တွင် ရွေးချယ်မည့် (၂၇၇)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် ပြီးခဲ့သည့်လ ဆုမဲအရေအတွက်ထက် ၁၁၈၆ ဆုတိုးကာ အမြင့်ဆုံးဆုအား ကျပ်သိန်းပေါင်း ၁၅၀၀ အထိ တိုးမြှင့်ပေးအပ်မည်ဖြစ်ပြီး ထီစောင်ရေကိုလည်း အက္ခရာပေါင်း ၂၈ လုံးအထိ တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း သိရှိရသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ✳

မြန်မာ့အလင်း နိုင်ငံတကာအားကစားသတင်း မြင့်မောင်စိုး – ရေးသားသည်

လီဗာပူးက မန်ယူကို အနိုင်ကစား အက်ဖ်အေဖလား နောက်တစ်ဆင့်တက်လှမ်း

လန်ဒန် ဇန်နဝါရီ ၂၈

လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ဟာ အက်ဖ်အေဖလား စတုတ္ထအကျော့ပြိုင်ပွဲအဖြစ် လီဗာပူးအိမ်ကွင်း အန်ဖီးလ်မှာ ကစားခဲ့ကြပါတယ်။ ဒီပွဲမှာ လူစားဝင်လာသူ တိုက်စစ်မှူး ဒက်ကွတ်ဇ်ရဲ့ နောက်ကျဂိုးနဲ့ လီဗာပူးတို့ နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိသွားခဲ့ပါတယ်။

လီဗာပူးအသင်းအတွက် တိုက်စစ်မှူး ဒက်ကွတ်ဇ် ဤသို့ အနိုင်ဂိုးသွင်းယူခဲ့သည်။

လီဗာပူးနဲ့ မန်ယူတို့ဟာ ပွဲစတာနဲ့ အဖွင့်ဂိုးသွင်းနိုင်ဖို့ အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ရာမှာ ဒန်နီရယ်အက်ဂါက ပွဲချိန် ၂၂ မိနစ်မှာ လီဗာပူးအသင်းအတွက် ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်ကာ အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်ယူတို့ ချေပဂိုးသွင်းယူနိုင်ရေး တန်ပြန်ထိုးဖောက် ကစားခဲ့ရာမှာ ပတ်ဂျီဆန်က ၃၉ မိနစ်မှာ ချေပဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် တစ်ဂိုးစီသွင်းထားချိန်မှာ အနိုင်ဂိုးကို သွင်းယူနိုင်ဖို့ ရေကုန်ရေခန်း ကစားခဲ့ကြပြန်ပါတယ်။ ပွဲပြီးဖို့ နှစ်မိနစ်အလိုမှာတော့ လီဗာပူးအသင်းမှာ လူစားဝင်လာသူ ဒက်ကွတ်ဇ်က ***စာမျက်နှာ ၅ ကော်လံ ၁*** ●